မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၁၈) ၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၁၁ ရက် ၊ ၂၂-၁၀-၂၀၂၆ ၊ ကြာသပတေးနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(၁မှ၁၁)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဖြိုင်ပွဲဝင်အဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ကပြတီးမှုတ်ကြိုဆိုနှုတ်ဆက်ကြစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်၊ အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၁

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ သို့ ★

ယနေ့ ဖတ်စရာ အညွှန်း

ဒေးပစ်အိုဘိုဘီကို ခေါ်ယူရန် နယူးကာဆယ်အသင်း စီစဉ်

စာမျက်နှာ ၉

သီတင်းကျွတ်လ ကျောက်တော်ကြီးဘုရားပွဲတော် (ဆောင်းပါး)

စာမျက်နှာ ၁၄

ရွှေကုန်ကြိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ ၁၇

အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာ

အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်

ကြေညာချက်အမှတ် (၁/၂၀၂၆)

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်စေရေး စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။


စာမျက်နှာ ၄ သို့ ★

လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်နေ

နေပြည်တော် အောက်တိုဘာ ၂၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးကမ်းလွန်ဒေသတို့တွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

မိုး/၈လ



မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၁

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြိုးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိပါသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်း ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်း ရွာဖွယ်ရာရှိပါသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်ပါသည်။

မိုး/ ၈လ

o-o-o-o-o

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ ကြာသပတေးနေ့။
မြဒဂနိုး

ကျန်းမာရေးကောင်းမွန်ရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာနေထိုင်ရပမည်

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု မြန်မာလူမျိုးတိုင်းက ပြောဆိုတတ်ကြသည်။ ကျန်းမာရေးကောင်းမွန်သူတစ်ဦးသည် ဉာဏ်ကိုအရင်းခံကာ ပညာကိုလည်း ရှာဖွေနိုင်မည်ဖြစ်သည်။ စီးပွားဥစ္စာကိုလည်းတိုးသထက် တိုးပွားအောင်ကြဆောင်နိုင်မည်။ လူမှုရေးကိစ္စများကိုလည်း အားတက်သရော ကူညီနိုင်မည်ဖြစ်သည်။

ထို့အပြင်ကျန်းမာရေးကောင်ခြင်းကြောင့် ကမ္ဘာ့မြေပြင်အနှံ့ကိုလည်းခြေဆန့်နိုင်မည်။ စိတ်သွားတိုင်းကိုယ်ပါကာ မိမိဖြစ်လိုသမျှကို စွမ်းဆောင်နိုင်မည်ဖြစ်သည်။ ကျန်းမာခြင်းရှိသောသူသည် ကံဥာဏ်ဝီရိယကို အခြေခံ၍ အောင်မြင်မှုများကို တစ်ခုပြီးတစ်ခု ရယူပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဥစ္စာပစ္စည်းများစွာ ပိုင်ဆိုင်သူနှင့် နှိုင်းယှဉ်ကာ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု ဆိုကြခြင်းလည်း ဖြစ်သည်။

ကျန်းမာရေးအတွက် ဆောင်ရန်၊ရှောင်ရန်များကိုလည်း လိုက်နာရမည်ဖြစ်သည်။ ကျန်းမာရေးအတွက်ဆောင်ရန်အချက်မှာ ကိုယ်လက်လှုပ်ရှား အားကစားကို ပုံမှန်လုပ်ဆောင်ပေးရမည်။ ကိုယ်လက်လှုပ်ရှားမှုကြောင့် ခန္ဓာကိုယ်မှ ချွေးထွက်ရှိစေသဖြင့် ကိုယ်ခန္ဓာ ပေါ့ပါးလန်းဆန်းစေမည်လည်းဖြစ်သည်။ ဆွေးလည် ပတ်မှုနှုန်း မြန်စေပြီး ကြွက်သားများ သန်မာစေမည်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှား အားကစားလုပ်ရန် အချိန်မရလျှင် လမ်းလျှောက် သင့်သည်။ လမ်းလျှောက်ခြင်းသည် အညောင်းအညာပြေ စေသည့်အပြင် အမောခံနိုင်ခြင်း၊ သက်လုံကောင်းခြင်းတို့ကို ဖြစ်စေသည်။ ကျန်းမာရေးအတွက် ဆောင်ရန်အချက်များအနက် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် မိမိပတ်ဝန်းကျင် သန့်ရှင်းရေးတို့ လည်းပါဝင်နေသည်။ သန့်သန့်ရှင်းရှင်းနေထိုင်မှ ရောဂါပိုးမွှားများ အလွယ်တကူ မဝင်ရောက်နိုင်မှာဖြစ်သည်။လက်များကို စနစ်တကျ စင်ကြယ်အောင်ဆေးပြီးမှ အစာကိုစားသုံးသင့်သည်။ကျန်းမာရေး ကောင်းမွန်စေရန်အတွက် လေကောင်းလေသန့်များများ ရှူပေး ရန်လည်းလိုမည်ဖြစ်သည်။ လေကောင်းလေသန့်ရှူခြင်းသည် အဆုတ်ကို အားကောင်စေပြီး အဆုတ်နှင့် သက်ဆိုင်သော ရောဂါ များကို ပျောက်ကင်းစေမည်။ ကျန်းမာရေးအတွက်အသိ အမြင်ရှိဖို့လိုအပ်မည်ဖြစ်သည်။

ကျန်းမာရေးအတွက် အရေးကြီးသော ရှောင်ရန်အချက် တစ်ခုမှာမတည့်သော အစားအစာများကို သတိထားကာ စားသုံး ရန်သင့်သည်။ ထို့အပြင် အဆီအဆိမ်များ၊ အင်နှင့် အချိုများ သောအစားအစာတို့သည် လူကို အားအန္တရာယ်ဖြစ်စေနိုင်သဖြင့် သတိထားပြီး စားသုံးရန်လိုမည်ဖြစ်သည်။ ရှောင်ရန်နောက် တစ်ချက်မှာ ရေချိုးမမှားစေရန်ဖြစ်သည်။ ရေချိုးမှားပါက သာမန်အများရောဂါမှ လေဖြတ်ရောဂါအထိ ဖြစ်ပွားစေနိုင်သည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည်လည်းကျန်းမာရေးကို ထိခိုက် စေသဖြင့် ရှောင်ရှားရမည်ဖြစ်သည်။ ယခုအခါ အယ်လ်ကိုဆိုဖြစ်စဉ် ကြောင့် အပူချိန်ပြင်းထန်မြင့်တက်လာမှုများရှိရာ ကျန်းမာရေး ကောင်းမွန်ရန်အတွက် သတိတရားထားပြီး နေထိုင်သွားလာရ မည်ဖြစ်သည်။

ကာကွယ်ခြင်းသည်ကုသခြင်းထက် ပို၍အကျိုးရှိသော ကြောင့် ကျန်းမာရေးနှင့် ပတ်သတ်သည့် ရှောင်ရန်အချက်များကို အစဉ်လိုက်နာနေထိုင်သင့်သည်။

သို့ဖြစ်ရာ လူတိုင်းတွင်ဆုံးရှုံးပြီးမှ တန်ဖိုးသိသောအရာနှစ်ခုမှာ အချိန်နှင့်ကျန်းမာရေးပင်ဖြစ်သည်။ ကျန်းမာရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များကိုလည်း လိုက်နာနေထိုင်ရမည်ဖြစ်သည်။ အချိန်၏ တန်ဖိုးကို ထိုအချိန် ကုန်ဆုံးပြီးမှ သိသကဲ့သို့ ကျန်းမာရေး၏ တန်ဖိုးကို မကျန်းမာမှ နာလည်ကျမည်ဖြစ်ရာလူတိုင်း ကျန်းမာ ရေး အသိအစဉ်ရှိဖို့လိုအပ်ပြီးကျန်းမာမှ ပညာလည်းရှာဖွေနိုင်၊ စီးပွားလည်းရှာဖွေနိုင်မည်ဖြစ်ရာ လောကီလောကုတ္တရာနှစ်ပါးသော အကျိုးကို သယ်ပိုးနိုင်မည်ဖြစ်သောကြောင့် ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာ၌ လူသုံးကုန်ထုတ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

ကျောက်ဆည် အောက်တိုဘာ ၂၁

ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်း ဆင်းပွဲကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီအဖွဲ့ဝင် ဦးအောင်သူက သင်တန်းမှ သင်ကြားပေးလိုက် သော အသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချပြီး အောင်မြင်သောလုပ်ငန်းရှင်များအဖြစ် ခွဲ၊ လုံး၊ ဝီရိယဖြင့် ကြိုးပမ်း ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားခဲ့ပြီး ခရိုင်အသေး စားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူ များအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထုတ်ကုန်များ ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းသူ မတင်မြတ်မိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင် တန်း၌ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြား ခဲ့ကြောင်း သိရသည်။

(၄၈၅)

စဉ့်ကိုင်မြို့နယ်၊ ရွာဟောင်းကုန်းကျေးရွာ၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

စဉ့်ကိုင် အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်း သိမ်းရေးဦးစီးဌာနနှင့် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတတိုးပွားရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ပိုင်းက ရွာဟောင်းကုန်းကျေးရွာ ရွာလယ်ဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်သည့် ရှောင်ရန်ဆောင်ရန်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်သည့် ရှောင်ရန်၊ ဆောင်ရန်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ဥပဒေပုဒ်မများ စသည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် ကျောက်ဆည်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဦးမျိုးသီဟကျော်က လတ်တလောဖြစ်ပွားနေသည့် အယ်လ် နီညိုအန္တရာယ်၏ သမိုင်းကြောင်းများ၊ ကာကွယ်ရန်နည်းလမ်းများနှင့် ရှောင်ရန်၊ ဆောင်ရန်များကို အကျယ်တဝံ့ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား မူးယစ်ဆေးဝါးအန္တရာယ်တား ဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များနှင့် ကမ္ဘာ့မြေ ပိုမိုအေးမြဖို့ အားလုံးပူးပေါင်း၊ ဆောင်ရွက်ဖို့ ဆောင်ပုဒ်ပါ အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသူများက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမား ပပျောက်ရေးနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှု ထမ်းခြင်းမှ တားဆီးကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင် များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

၀-၀-၀-၀-၀

၀-၀-၀

မန္တလေးမြို့တွင် ရှရီရှရီဆာရဒီယာဒှရ်ဂါပူဂျပွဲတော်-မယ်တော်ရေမျှောပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၁

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဟိန္ဒူဘာသာဝင်များ၏ အားထား ယုံကြည်ကိုးကွယ်ရာဖြစ်တော်မူသော ရှရီရှရီဆာရဒီယာဒှရ်ဂါ ဒေဝီမယ်တော် ရေမျှောပူဇော်ပွဲကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ဟိန္ဒူဘုရားကျောင်းနှင့် မြို့ပတ်ကမ်းနားလမ်း-ဂေါ်ဝိန်ဆိပ် သတ်မှတ်နေရာတို့တွင် အောက်တိုဘာ ၂၁ ရက်နေ့ နံနက်ပိုင်းမှ ညနေပိုင်းအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဒှရ်ဂါဒေဝီ-မယ်တော်ပူဇော်ပွဲကျင်းပခဲ့ကြသည့် မန္တလေး မြို့ မင်းတဲအီကင်းသမီးတော် ၃၅ လမ်းပုဏ္ဏားကုန်းမြို့တွင်း လေးပြင်လေးရပ် အနယ်နယ်အရပ်ရပ်အသီးသီးရှိ ဟိန္ဒူဘုရားကျောင်း ဂေါပကအဖွဲ့တို့မှ ကြီးမှူး၍ ရှရီရှရီဒှရ်ဂါဒေဝီ-မယ်တော်ပူဇော် ပွဲကို ဥပုသ်သီတင်းသီလဆောက်တည်၍ ဟိန္ဒူရိုးရာဓလေ့နှင့် အညီပူဇော်ခဲ့ကြပြီးနောက် အောက်တိုဘာ ၂၁ ရက်မွန်းလွဲ ပိုင်းမှစတင်၍ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်၍ ဟိန္ဒူဘာသာဝင် မိသားစုများ၊ ဓမ္မမိတ်ဆွေများက ဘုရားကျောင်းအလိုက် ရိုးရာဝတ် စုံများ ဆင်မြန်းကာမြို့တွင်းမှ အစီအစဉ်အတိုင်း အတူလိုက်ပါလျက် ရိုးရာယဉ်ကျေးမှုအဖွဲ့တို့ကလည်း ဓမ္မတေးများရွတ်ဆိုရင်း ပျော်ရွှင် စွာဖြင့် ရေမျှောနေရာသို့ ရောက်ရှိကြပြီး သင်္ဘောဖြင့် ပင့်ဆောင်၍ မြစ်လယ်အတွင်းရေမျှောပူဇော်ခဲ့ကြသည်။ ထိုမှတစ်ဆင့်ရေမျှောပူ ဇော်ပွဲလာရောက်ကြသည့် မိသားစုဝင်များ ဓမ္မမိတ်ဆွေများ မိတ်သင်္ဂဟ များသည် ဟိန္ဒူဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများထည့်ဝင်လှူဒါန်းကြပြီးနောက် ဘုရားကျောင်း အလှူမဏ္ဍပ်တွင် ရေမျှောပူဇော်ပွဲတော်လာ မိသားစုများ ဓမ္မမိတ်ဆွေများကို နှစ်စဉ် အလှူရှင်မင်္ဂလာစတိုးမိသားစုမှ စတုဒိသာနေ့လယ်စာ၊ ညနေစာတို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့သည်။ ထို့ပြင်ညပိုင်းတွင်လည်း နန်းရှေ့၊ ၁၉ လမ်း မဟာကာလီမယ်တော်ဟိန္ဒူဘုရားကျောင်း မြောက်ပြင် သီရိဠင်္ဂဟိန္ဒူ ဘုရားကျောင်း၊ ၂၈လမ်းရှိ-ရှရီရှရီရှရဲဂါဘရီဟိန္ဒူဘုရား ကျောင်းတို့ တွင်လည်း ဂေါပကအဖွဲ့မှကြီးမှူး၍ ရေမျှောပူဇော်ပွဲတော်မှ အပြန် ဘုရားကျောင်းလာရောက်ဖူးမြော်ကြည်ညိုကြသည့် မိသားစုဝင်များ ဓမ္မမိတ်ဆွေများအား စတုဒိသာကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(၀၄၀)



သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

★ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ အကဲဖြတ် ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဦးညီစော၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တို့က (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖောက်ပြန်ပြောကြားပြီးနောက် ဖိတ်ကြားဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များအား ကျောင်းသူလေးများက ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ မျက်မှောက်ခေတ် တို့ကို ဖော်ညွှန်းပြသသည့် ဝတ်စားဆင်ယင်မှု အကအလှများ ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အဖွဲ့ဝင်များက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားရိုးရာ အက အလှများဖြင့်လည်းကောင်း ကပြတီးမှုတ်ကြွေဆို နှုတ်ဆက်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို စတင်ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာ ဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "အလှဝေဖြာ မြန်မာ့ရိုးရာ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေးလက္ခဏာကို ဖော်ပြရာတွင် အဆိုပါနိုင်ငံ၏ သမိုင်းကြောင်း၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် အနုပညာယဉ်ကျေးမှုတို့သည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ကြောင်း၊ အနုပညာသည် လူသားများ၏ စိတ်ခံစားမှု၊ အတွေးအမြင်၊ လူမှုဘဝနှင့် တန်ဖိုးထားမှုများကို ဖော်ပြပေးနိုင်သကဲ့သို့ မျိုးဆက်မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး အနုပညာများ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ရှေးခေတ်လူမှုဘဝနှင့် ရိုးရာဓလေ့ ထုံးတမ်းများသည် ပျူခေတ်၊ ပုဂံခေတ်ကစပြီး ကုန်းဘောင်ခေတ် တိုင်အောင် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အနုပညာ အစဉ်အလာများကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ အနုပညာ အမွေအနှစ်များသည် အတိတ်ကာလကို ပြန်လည်တူးဖော်ပေးသည့်အရာများ ဖြစ်ရုံသာမက ယနေ့မျိုးဆက်သစ်များအတွက် ခုနှစ်အထိ ငါးနှစ်တာကာလ အတွင်း ပြိုင်ပွဲများ ရပ်နားခဲ့ရကြောင်း၊ ၂၀၂၂ ခုနှစ်ရောက်မှ (၂၃) ကြိမ်မြောက် ပြိုင်ပွဲကို ပြန်လည် ကျင်းပနိုင်ခဲ့ပြီး ယခုအခါပြိုင်ပွဲများကို ဆက်လက်ကျင်းပလာခဲ့သည်မှာ ၂၀၂၆ ခုနှစ်တွင် (၂၇)ကြိမ်မြောက်အထိ ရောက်ရှိလာပြီဖြစ်ကြောင်း။

နိုင်ငံတော်အဖေခြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို မိမိတို့နိုင်ငံသူ နိုင်ငံသားများအားလုံး၏ ရင်ထဲတွင် **"မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်ပေါ်ထွန်းလာရေးနှင့် မျိုးဆက်သစ်လူငယ်များက မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထား ထိန်းသိမ်းလာစေရေးတို့အတွက် အရေးပါသည့် အစဉ်အလာ တစ်ရပ်ဖြစ်သည်ကို အလေးအနက် ပြောကြားလိုကြောင်း။**

အဆို၊ အက၊ အရေး၊ အတီး အနုပညာ ကဏ္ဍလေးရပ်သည် သီးခြားစီ အရေးပါသကဲ့သို့ အချင်းချင်းလည်း အပြန်အလှန် အထောက်အကူပြု ချိတ်ဆက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများကို စနစ်တကျ ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် မြန်မာ့



ဒုတိယသမ္မတ ဦးညီစော၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့က (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖိတ်ကြားဖြတ်ဖွင့်လှစ်ပေးကြစဉ်။

❖ မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး အနုပညာများ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ရှေးခေတ်လူမှုဘဝနှင့် ရိုးရာဓလေ့ထုံးတမ်းများသည် ပျူခေတ်၊ ပုဂံခေတ်ကစပြီး ကုန်းဘောင်ခေတ်တိုင်အောင် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အနုပညာအစဉ်အလာများကို တွေ့ရှိနိုင်မည်ဖြစ်

❖ အနုပညာအမွေအနှစ်များသည် အတိတ်ကာလကို ပြန်လည်တူးဖော်ပေးသည့်အရာများ ဖြစ်ရုံသာမက ယနေ့မျိုးဆက်သစ်များအတွက် သင်ယူစရာ၊ လေ့လာစရာနှင့် အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးရမည့် တန်ဖိုးရှိသည့် အမွေအနှစ်များလည်းဖြစ်

တစ်ဆက်မှတစ်ဆက်ကို သမိုင်းအမွေအနှစ်များအဖြစ် လက်ဆင့်ကမ်းပေးရာတွင် အရေးပါသည့် ကြားခံတစ်ရပ်လည်းဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာ့ရိုးရာ အနုပညာများကို စနစ်တကျထိန်းသိမ်း မြှင့်တင်ရေး၊ အနုပညာရှင်များ ဖော်ထုတ်ရေးနှင့် မျိုးဆက်သစ်လူငယ်များထဲ အနုပညာအမွေအနှစ်များ လက်ဆင့်ကမ်းပေးရေးတို့အတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်အထိ (၂၂) ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှ ၂၀၂၁ သင်ယူစရာ၊ လေ့လာစရာနှင့် အနာဂတ်မျိုးဆက်များ အတွက် လက်ဆင့်ကမ်းပေးရမည့် တန်ဖိုးရှိသည့် အမွေအနှစ်များလည်း ဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး" ဆိုသည့် မူဝါဒရည်မှန်းချက်များ ချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျင်းပသည့် ပြိုင်ပွဲများသည် ဆုရရှိရေးအတွက်သာမက မြန်မာ့ရိုးရာအနုပညာများ ရှင်သန်တည်တံ့ရေး၊ အရည်အချင်းရှိသည့် အနုပညာရှင်များ အနုပညာ၏ အနှစ်သာရနှင့်အရည်အသွေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီး အနုပညာပြိုင်ပွဲများ ကျင်းပပေးရခြင်း၏ အဓိက ရည်ရွယ်ချက်သည် အနုပညာရှင်များအကြား အနိုင်အရှုံးဆုံးဖြတ်ပေးရန်မဟုတ်ကြောင်း၊ အနုပညာဘာသာရပ်များကို စနစ်တကျ လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ အရည်အချင်းရှိသူများကို ဖော်ထုတ်မြှင့်တင်ရန်၊ အနုပညာအတွေ့အကြုံများ ဖလှယ်နိုင်ရန်နှင့် အနုပညာအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်ပင်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ★





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

★ စာမျက်နှာ ၃ မှ

ပြိုင်ပွဲမှတစ်ဆင့် ပေါ်ထွက်လာမည့် အရည်အချင်းရှိသူများကို ဆက်လက်လေ့ကျင့်သင်ကြားပေးခြင်း၊ သင့်လျော်သည့်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် အနုပညာရှင်ကြီးများ၏ အတွေ့အကြုံများကို လက်ဆင့်ကမ်းပေးခြင်း သည့် အနုပညာလက်ရာများကို လည်း ဖန်တီးတင်ဆက်နိုင်မည် ဖြစ်ကြောင်း။

ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက် လာသောကြောင့် အနုပညာဖန်တီးမှု၊ မှတ်တမ်းတင်မှုနှင့် ဖြန့်ဝေမှုတို့အတွက် အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်ကမ်းပေးကြရန် အလေးအနက် တိုက်တွန်း မှာကြားလိုကြောင်း။

ယနေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အနုပညာရှင်တစ်ဦးချင်းစီအနေဖြင့် မိမိတို့၏ အရည်အချင်းကို အကောင်းဆုံးဖော်ထုတ်တင်ဆက်ကြရန်၊ ကြိုးစားအားထုတ်မှုရှိကြရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

ဒေါက်တာ ဦးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ အကဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အထူးသဖြင့် မျိုးဆက်သစ်များသည် ရိုးရာအနုပညာကို သမိုင်းနောက်ခံ၊ အဓိပ္ပာယ်နှင့်အနှစ်သာရများ နားလည်သဘောပေါက်ရန်လိုအပ်ကြောင်း။ ထိုသို့ နားလည် သဘောပေါက်မှသာ မိမိတို့၏ ဖန်တီးမှုများတွင် ရိုးရာတန်ဖိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် အနုပညာရှင်များ ဖြစ်ထွန်းလာကြောင်း။ ယင်းအခွင့်အလမ်းများကို မှန်ကန်စွာ အသုံးချနိုင်မည်ဆိုပါက မြန်မာ့အနုပညာကို လူငယ်များ ပိုမိုစိတ်ဝင်စားလာစေရန်နှင့် နိုင်ငံတကာ ပရိသတ်များအထိ မိတ်ဆက်ဖော်ပြနိုင်ရန် အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း။ ပညာရပ်ဆိုင်ရာ အရည်အသွေးကို အစဉ်တစိုက် မြှင့်တင်ကြရန်နှင့် မြန်မာ့အနုပညာ၏ ထူးခြားသည့် အလှတရားများကို မျိုးဆက်သစ်များထံသို့ လက်ဆင့်မပြတ် လေ့လာသင်ယူကြရန် တိုက်တွန်းလိုကြောင်း။ ပြိုင်ပွဲဝင် အချင်းချင်း အပြန်အလှန် လေးစားကြရန်၊ အနိုင်အရှုံးကို ဂုဏ်သိက္ခာရှိစွာ လက်ခံကြရန်နှင့် အချင်းချင်း၏ အားသာချက်များကို လေ့လာသင်ယူကြရန်လည်း တိုက်တွန်းလိုကြောင်း။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ပြိုင်ပွဲသည် အနုပညာရှင်များရည်ကို စမ်းသပ်သည့်နေရာတစ်ခုသာမက ပညာရပ်ဆိုင်ရာ တိုးတက်မှုနှင့် အနုပညာ အသိုက်အဝန်း၏ စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးသည့် နေရာတစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း။

အကဲဖြတ်ဝိုင်း အဖွဲ့ဝင်များ အနေဖြင့်လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် အကဲဖြတ်စံနှုန်းများအတိုင်း မျှတစွာလင်းစွာ အကဲဖြတ်ပေးကြရန်၊ ပြိုင်ပွဲဝင်များ၏ အရည်အချင်းနှင့် ဖန်တီးမှုများကို ပညာရပ်ဆိုင်ရာ ရှုထောင့်မှ သုံးသပ်ပေးကြရန်နှင့် လိုအပ်သည့် အကြံပြုလမ်းညွှန်မှုများပေးကြရန်လည်း မှာကြားလိုကြောင်း။

မြန်မာ့ရိုးရာ အနုပညာသည် မိမိတို့၏အမျိုးသားယဉ်ကျေးမှုကို ဖော်ပြပေးနေသည့် တန်ဖိုးရှိသည့် အမွေအနှစ်တစ်ရပ် ဖြစ်ကြောင်း၊ ယင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ယနေ့ မျိုးဆက်၏ တာဝန်ဖြစ်သကဲ့သို့ အနာဂတ် မျိုးဆက်များထံသို့ အရည်အသွေးပြည့်ဝစွာ လက်ဆင့်ကမ်းပေးခြင်းသည်လည်း မိမိတို့အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ရမည့် လုပ်ငန်းတာဝန် တစ်ရပ်ဖြစ်ကြောင်း။

ထို့ကြောင့် အနုပညာရှင်များ၊ ဝါသနာရှင်များ၊ လူငယ်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ အားလုံးအနေဖြင့် မြန်မာ့ရိုးရာ အနုပညာကို တန်ဖိုးထားထိန်းသိမ်းကြရန်၊ အနုပညာဘာသာရပ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန်၊ မျိုးဆက်သစ် အနုပညာရှင်များ ပေါ်ထွန်းလာရေး ပူးပေါင်း ဆောင်ရွက်ကြရန်နှင့် မြန်မာ့အနုပညာ၏ အရည်အသွေးကို အစဉ်တစိုက် မြှင့်တင်သွားကြရန် ထပ်လောင်းတိုက်တွန်း မှာကြားလိုကြောင်း။

ယနေ့ကျင်းပသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှတစ်ဆင့် ထူးချွန်ထက်မြက်သည့် အနုပညာရှင်များ ပေါ်ထွန်းလာပြီး မြန်မာ့ရိုးရာ အနုပညာ အမွေအနှစ်များကို ပိုမိုထိန်းသိမ်း မြှင့်တင်နိုင်မည်ဟု ယုံကြည် မျှော်လင့်ပါကြောင်း၊ ပြိုင်ပွဲဝင်အားလုံး အနေဖြင့်လည်း မိမိတို့၏ အနုပညာစွမ်းရည်များကို အကောင်းဆုံး ဖော်ထုတ်တင်ဆက်နိုင်ကြပြီး အောင်မြင်မှုများ ရရှိကြစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း၊ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မြန်မာ့ရိုးရာအနုပညာနှင့် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အောင်မြင်မှုများ ရရှိကြပါစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲကျင်းပရန် စီစဉ် ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ် လူငယ်များအကြား တွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကား ပြန့်ပွားစေရေး၊ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေး ကဏ္ဍာတွင် ယဉ်ကျေးမှုအနုပညာ စွမ်းအား ဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက်များဖြင့် ကျင်းပခြင်း ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် စုစုပေါင်း ၂၄၀၀ ကျော်ဖြင့် အောက်တိုဘာ ၂၉ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

- မျိုးဆက်သစ်များသည် ရိုးရာအနုပညာကို သမိုင်းနောက်ခံ၊ အဓိပ္ပာယ်နှင့်အနှစ်သာရများ နားလည်သဘောပေါက်ရန်လိုအပ်
- နားလည်သဘောပေါက်မှသာ မိမိတို့၏ ဖန်တီးမှုများတွင် ရိုးရာတန်ဖိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် အနုပညာလက်ရာများကိုလည်း ဖန်တီးတင်ဆက်နိုင်မည်

★ အခြေခံမှ

၂။ အစိုးဝတ် (၁၄)% ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း (၄၆) ပေါင်ကိုက် စပါးတင်း(၁၀၀)၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို (၁,၃၅၀,၀၀၀) ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်း စပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၆ ခုနှစ် မိုးစပါးနှင့် ၂၀၂၇ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ် ရုံးချုပ် (ဖုန်း၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆)သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး၊ ဦးဆောင်အဖွဲ့

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာနှင့် တွေ့ဆုံဆွေးနွေး

မင်္ဂစ် အောက်တိုဘာ ၂၁

ဘယ်လာရုစ်သမ္မတနိုင်ငံ မင်္ဂစ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မင်္ဂစ်မြို့ရှိ အောင်ပွဲခံရင်ပြင်(Victory Square)သို့ ရောက်ရှိကြရာ မင်္ဂစ်မြို့အလုပ်အမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ Mr.Oleg Korzun နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက အောင်ပွဲခံအထိမ်းအမှတ်ကျောက်တိုင် (The Victory Monument) ၌ လွှမ်းသူ့ပန်းခွေချ အလေးပြုပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ မင်္ဂစ်မြို့ရှိ အောင်ပွဲခံအထိမ်းအမှတ်ကျောက်တိုင် (The Victory Monument) သည် ဒုတိယကမ္ဘာစစ်အတွင်း နာဇီကျူးကျော်သူများကို တွန်းလှန်တိုက်ခိုက်ရင်းကျဆုံးခဲ့ရသည့် ဆိုဗီယက်တပ်မတော်သားများနှင့် ဘယ်လာရုစ်ပြောက်ကျားရဲဘော်များကို ရည်စူးပြီး ၁၉၅၄ ခုနှစ်တွင် တည်ဆောက်ခဲ့သော နိုင်ငံ၏ သမိုင်းဝင်အထင်ကရနေရာတစ်ခုဖြစ်ကြောင်း၊ အမြင့် ၃၈ မီတာရှိသည့် ၎င်းကျောက်တိုင်ခြေရင်းတွင် ကျဆုံးသူများကို အောက်မေ့သတိရသောအားဖြင့် "ထာဝရငြိမ်ချမ်းရေးမီးတောက်"ကို အမြဲမပြတ်ထွန်းညှိထားရှိကြောင်း၊ နိုင်ငံတကာသံတမန်များနှင့် နိုင်ငံခြေးဆောင်များ လာရောက်ဂုဏ်ပြု အလေးပြုရာနေရာတစ်ခုဖြစ်ကြောင်း သိရသည်။



ဆက်လက်၍ပြည်ထောင်စုလွှတ်တော်နာယက နှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်သို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက သည် အထက်လွှတ်တော်တတိယထပ်ရှိ မီးလင်းပိုခန်းမဆောင်၌ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ပြီး ပြီးခဲ့သည့် စက်တင်ဘာ ၂၂ ရက်တွင် သံတမန်ဆက်ဆံရေး ၂၇ နှစ်ပြည့်မြောက်ခဲ့ကာ ယင်းကာလအတွင်း နှစ်နိုင်ငံအပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုများကို အခိုင်အမာတည်ဆောက်ထားနိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ အမြော်အမြင်ရှိမှု၊ ချစ်ကြည်ရင်းနှီးမှုများနှင့် အပြန်အလှန်ခရီးစဉ်များက နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေပြီး ကောင်းကျိုးစီးပွားကို တိုးပွားအောင် ဆောင်ရွက်နိုင်ခဲ့မှု၊ ဘက်စုံကဏ္ဍစုံမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆ - ၂၀၂၈ခုနှစ်) ကို ချမှတ်နိုင်ခဲ့ပြီး လွှတ်တော်များ၏အခန်းကဏ္ဍ၊ လွှတ်တော်ကဏ္ဍ ချစ်ကြည်ရင်းနှီးရေးတွင် နှစ်နိုင်ငံ ဘက်စုံမဟာမိတ် ပူးပေါင်းဆောင်ရွက်မှုကို လွှတ်တော်ပိုင်းမှ ပုံပိုးကူညီပေးရေး၊ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရေး၊ လွှတ်တော်ဆိုင်ရာအလေ့အကျင့်ကောင်းများနှင့် အတွေ့ အကြုံများ ဖလှယ်ရေး၊ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ရေး၊ နိုင်ငံတကာလွှတ်တော်ဆိုင်ရာ အသိုက်အဝန်းတွင် နှစ်နိုင်ငံအကျိုးအတွက် ပိုမိုနီးကပ်စွာ ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးဖွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် အထက်လွှတ်တော် ဒုတိယထပ်ရှိ သဘာပတိအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု စာချုပ်လွှာကို ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာတို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် အစည်းအဝေးခန်းမကြီးနှင့် ပြတိုက်ပြမွေတို့ကို ကြည့်ရှုလေ့လာပြီး ဂုဏ်ထူးဆောင်ဧည့်သည်တော်မှတ်တမ်း စာအုပ်၌ လက်မှတ်ရေးထိုးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မင်္ဂစ်ထွန်စက် စက်ရုံနှင့် မော်တော်ကားစက်ရုံကို လည်းကောင်း၊ First National Trade House ဈေးဝယ်စင်တာကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

သတင်းစဉ်

တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၆၄ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစစ်ပြီး ၈ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၃/ ၂၀၂၆) တွင် ဖော်ပြထားသည့် ကြည်း ၂၃၇၅၀ ဗိုလ်မှူးချုပ် အောင်အောင် နေရာတွင် ကြည်း ၂၇၉၅၅ ဗိုလ်မှူးချုပ် အောင်ကျော်ဆန်း ကို အစားထိုးပြောင်းလဲလိုက်သည်။

(ဝုံ)သန်းစိုး
ဒုတိယ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် အနိုင်၊ အရှုံး	NGB
ကိုမို	၄ - ၁ မန်ယူ
လိုင်လီ	၂ - ၄ ဂါလာတာစာရေး

စပိန်လာလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆)ပွဲကျော် အနိုင်၊ အရှုံး	NGB
လီဗန်တေး	၃ - ၁ ဘီလ်ဘာအို

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၆၅ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စီစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၅ / ၂၀၂၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(က) ကယားပြည်နယ်လွှတ်တော်
ကြည်း ၂၆၈၆၃ အစား ကြည်း ၃၃၄၃၇
ဗိုလ်မှူးကြီး သန်းစိုးအောင် ဗိုလ်မှူးကြီး နောင်လတ်

(ခ) စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ကြည်း ၂၄၉၉၃ အစား ကြည်း ၃၁၅၇၄
ဗိုလ်မှူးကြီး ဝင်းတင်စိုး ဗိုလ်မှူးကြီး မင်းသိန်း

(ဂ) မကွေးတိုင်းဒေသကြီးလွှတ်တော်
ကြည်း ၂၂၄၀၅ အစား ကြည်း ၃၁၈၂၃
ဗိုလ်မှူးကြီး ဝိုးမင်းသိန်း ဗိုလ်မှူးကြီး နိုင်ဇင်ထွန်း

(ဃ) မွန်ပြည်နယ်လွှတ်တော်
ကြည်း ၂၆၈၂၉ အစား ကြည်း ၃၀၂၇၈
ဗိုလ်မှူးကြီး ကျော်စွာမြင့် ဗိုလ်မှူးကြီး ရဲထွဋ်

(င) ရခိုင်ပြည်နယ်လွှတ်တော်
ကြည်း ၂၅၇၇၅ အစား ကြည်း ၃၁၆၈၂
ဗိုလ်မှူးကြီး ကျော်သူရ ဗိုလ်မှူးကြီး ဇော်လင်းထွန်း

(စ) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်
ကြည်း ၂၁၈၉၇ အစား ကြည်း ၃၂၇၆၃
ဗိုလ်မှူးကြီး ဝင်းတင့် ဗိုလ်မှူးကြီး ကျော်ကျော်ဦး

(ဆ) ရှမ်းပြည်နယ်လွှတ်တော်
ကြည်း ၂၄၉၇၀ အစား ကြည်း ၃၅၃၃၇
ဗိုလ်မှူးကြီး စိန်ဝင်း ဗိုလ်မှူးကြီး ကျော်မျိုးမင်းလတ်

(ဝုံ) သန်းစိုး
ဒုတိယ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ (ယာပုံ)

အစည်းအဝေးတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးပြုပြင်ပေးနိုင်ရေး၊ ဘောလုံးကွင်းများ တည်ဆောက်ပေးနိုင်ရေး၊ ပျက်စီးဆုံးရှုံးခဲ့သည့် မြို့ရွာများနှင့် ယာယီနေရပ်စွန့်ခွာသူများအား ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ တရားမဝင်ဂိတ်ကြေး ကောက်ခံနေမှုများ ပပျောက် အောင်ဆောင်ရွက်ပေးနိုင်ရေးနှင့် တရားဝင်ကျေးရွာများအဖြစ် သတ်မှတ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ **မေးခွန်း ၇ ခု** မေးမြန်းဖြေကြားခြင်းနှင့် **အဆို ၁ ခု** တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရှိ နှစ်ထပ်အဆောက်အအုံကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲရုံးများအတွက်ရုံးပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ရရှိရေးနှင့် ပြင်ဆင်ထိန်းသိမ်းခွင့်ရရှိရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးလျက်ရှိရာ ဝေါမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးဖွင့်လှစ်ရန် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ချမ်းမြသာစည်ရပ်ကွက် ကွင်းအမှတ် (၇၀၄-N) မြေကွက်အမှတ် ၁/A ကက-၂၈ ဧရိယာ သုည ဒသမ ၃၁၉ ဧကရှိ မြေပေါ်တွင် အလုပ ၁၀၂ ပေ၊ အနံ ၂၆ ဒသမ ၅ ပေနှင့် အမြင့် ပေ ၂၀ ရှိသော သစ်သား-အုတ်ညှပ်၊ အုတ်ကြွပ်မိုး ခုနစ်ထပ်အဆောက်အအုံဟောင်းတစ်လုံးကို ၂၀၂၃ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရရှိခဲ့ပါကြောင်း၊ ဝေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရရှိသည့် အဆောက်အအုံဟောင်းကို ပြင်ဆင်ထိန်းသိမ်းရန် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အဆောက်အအုံပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေ ၆၇ သိန်း ၆ သောင်း ခွဲဝေပေးခဲ့ပြီး ပြင်ဆင်ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါ အဆောက်အအုံထပ်မံပြင်ဆင်နိုင်ရေးအတွက် လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေ လျာထားတင်ပြတောင်းခံမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက အဆောက်အအုံပြင်ဆင်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုမို့ဇော်၏ **သဲကုန်းမြို့နယ် ဘောလုံးကွင်းအား ပွဲကြည့်စင်နှင့် အဆင့်မီအားကစားကွင်းအဖြစ် ပြန်လည်တည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) နတ်တလင်းခရိုင် သဲကုန်းမြို့နယ် အားကစားကွင်းသည် အမှတ် (၄)ရပ်ကွက်တွင် တည်ရှိပြီး စုစုပေါင်းမြေဧရိယာ ၅ ဒသမ ၉၇ ဧကရှိပြီး အဆိုပါအားကစားကွင်းအား အားကစားရေးရာဝန်ကြီးဌာနပိုင်အမည်ဖြင့် အခမဲ့မြေလွှဲအမိန့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အားကစားကွင်းအတွင်းတွင် ရုံးနှင့်နေအိမ် တွဲလျက်အဆောက်အအုံ အလျား ပေ ၄၀၊ အနံပေ ၃၀ တစ်လုံးအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေမှ ကျပ် ၁၆ သိန်း ဒသမ ၈ သိန်းဖြင့် ဆောက်လုပ်ထားရှိပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သဲကုန်းမြို့နယ် ဘောလုံးကွင်းအတွင်း ပွဲကြည့်စင် တည်ဆောက်ပေးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ (အလျား ပေ ၁၅၀ x အနံ ပေ ၂၀) RC နှစ်ထပ်ပွဲကြည့်စင်တည်ဆောက်ခြင်း လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၉၀၀ အား



၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထား ထားရှိပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် အဆင့်မီအားကစားကွင်းအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ရေးအတွက် ကျန်ရှိသည့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား သင့်လျော်သောဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အလိုက်လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **မော်ဘီမြို့နယ် အားကစားကွင်းအား ခရိုင်အားကစားကွင်းအဖြစ် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်အားကစားကွင်းအား ခရိုင်အဆင့် အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ကနဦးအနေဖြင့် မိတာ ၄၀၀ ပြေးလမ်း ကျောက်မှန်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လက်ရှိပြေးလမ်းတွင် ဘောလုံးကွင်းထက်နှစ်ပေခန့် နိမ့်ကျနေသဖြင့် ပြေးလမ်းအား Level မြှင့်တင်ခြင်း၊ အပြင် ရေနုတ်မြောင်းတည်ဆောက်ခြင်းနှင့် အပြင်ကတ် တုံးတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် ၉၄၇ ဒသမ ၅၁၀ သန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထား ထားရှိပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား သင့်လျော်သော ဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အလိုက်လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့များအပါအဝင် အချို့မြို့ရွာများ၌ ပျက်စီးခဲ့ရသည့် ဆုံးရှုံးမှုနှင့် ပတ်သက်၍ မည်သို့ကုစားဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသော ရှမ်းပြည်နယ် လားရှိုးမြို့နယ်များတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြည်သူလူထုနေအိမ်များ၊ သာသနိုက အဆောက်အအုံများ၊ ဌာနဆိုင်ရာရုံး/အဆောက်အအုံ အချို့ပျက်စီးဆုံးရှုံးခဲ့ရပြီး ပြည်သူလူထုများ ယာယီနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဒေသခံပြည်သူများ၏အိုးအိမ်အဆောက်အအုံများ၊ သာသနိုကအဆောက်အအုံများ၊ တံတားများ ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ထောက်ပံ့ပေးအပ်ခဲ့ပါကြောင်း။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအပါအဝင် ဌာနဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်းနှင့် ဆက်သွယ်ရေး တာဝါတိုင်များ၊ ဆက်သွယ်ရေး(ဖုန်း/အင်တာနက်)လိုင်းများကောင်း မွန်စွာအသုံးပြုနိုင်ရေး ပြင်ဆင်ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်နှင့် လားရှိုးမြို့နယ်တို့တွင် ကျောင်းပေါင်း ၃၆၀ ကျော် ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံများ ဖွင့်လှစ်၍ ကုသပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အကြမ်းဖက်ဖြစ်စဉ်များကြောင့်ပျက်စီးဆုံးရှုံးသွားသည့် နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ သာသနိုကဆိုင်ရာ အဆောက်အအုံများနှင့်ဝေတ်အား လိုင်းများ၊ နိုင်ငံတော်အစိုးရမှ ကူညီထောက်ပံ့ပြုပြင်မှုများ ဆောင်ရွက်နေသည့်အပြင် တရားဥပဒေစိုးမိုးရေးအတွက်လည်းတပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

သဃ်ခ်းကျန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး၏ **နေရပ်စွန့်ခွာသူများ၏ အခက်အခဲနှင့် ဆက်လက်ရပ်တည်နိုင်ရေးအပေါ် အစိုးရ၏အစီအစဉ်များ ထုတ်ဖော်ပြောကြားပေးရန် သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက နိုင်ငံတော်အစိုးရအနေဖြင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများ လတ်တလောနေထိုင်စားသောက်ရေး အဆင်ပြေမှုရှိစေရန် ယာယီခိုလှုံရာစခန်းများ ဖွင့်လှစ်ပေးခြင်း၊ နေရပ်စွန့်ခွာ ပြည်သူများကို လစဉ် ငွေကြေးများထောက်ပံ့ပေးအပ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ဆန်၊ ဆီ၊ ဆား အစရှိသည့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ ယာယီခိုလှုံရာစခန်းများတွင် ခေတ္တခိုလှုံနေထိုင်စဉ်အတွင်း ယာယီနေရပ်စွန့်ခွာ ပြည်သူများ၏ သားသမီးများ ပညာသင်ကြားခွင့် ဆုံးရှုံးမှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် နယ်မြေလုံခြုံရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ တိုက်ပွဲများကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေအိမ်များ ပြန်လည်တည်ဆောက်ရာတွင် လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ တိုက်ပွဲများကြောင့် ပျောက်ဆုံး/ပျက်စီးသွားသည့် နိုင်ငံသားစီစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာလွှဲဒိုးရေစာရင်းများကို ပြန်လည်စိစစ်ထုတ်ပေးခြင်း၊ ယာယီနေရပ်စွန့်ခွာ ပြည်သူများ ပြန်လည်ရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများတွင် ပညာသင်ယူနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် တပ်မတော်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ပိုင်းဝန်းပုံးပေါင်း၍ ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများကို နိုင်ငံပိုင် သတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများတွင် အများပြည်သူသိရှိစေရန် ထုတ်လွှင့်ခြင်း၊ ရေးသားဖော်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၏ **မွန်ပြည်နယ်ရှိ စစ်ဆေးရေးဂိတ်များမှ တရားမဝင် ဂိတ်ကြေးကောက်ခံနေမှုပပျောက်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မွန်ပြည်နယ်အတွင်း၌ စစ်ဆေးရေးဂိတ်များတွင် နယ်မြေဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်မှုမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ကုန်စည်စီးဆင်းမှုအဟန့်အတားမဖြစ်စေရေး ငွေကြေးတောင်းခံမှုများမရှိစေရေးနှင့် ပြည်သူများနှင့် ဆက်ဆံရာတွင် ယဉ်ကျေးပျူငှာစွာဆက်ဆံစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့်ဌာနဆိုင်ရာများအလိုက် တာဝန်ရှိသူ အဆင့်ဆင့်မှ အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ငွေကြေးကောက်ခံမှုများရှိ၍ တိုင်ကြားလာပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ဧရာဝတီရိမြို့နယ်ရှိ သာယာအေးနှင့် ရွှေကံသာကျေးရွာများ၊ ဒဂ္ဂိဏသီရိမြို့နယ်ရှိ သီရိမင်္ဂလာနှင့် စိုက်ခင်း (၃) ကျေးရွာများအား တရားဝင်ကျေးရွာများအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ဧရာဝတီရိမြို့နယ်ရှိ သာယာအေးကျေးရွာ၊ ရွှေကံသာကျေးရွာနှင့် ဒဂ္ဂိဏသီရိမြို့နယ်ရှိ သီရိမင်္ဂလာကျေးရွာ၊ စိုက်ခင်း(၃)ကျေးရွာတို့ကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ်သတ်မှတ်နိုင်ရေး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၄(ခ)နှင့်အညီ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံတင်ပြပြီး ခွင့်ပြုချက်ရရှိပါက ကျေးရွာမြေများအဖြစ် အသုံးပြုခွင့်ရရှိရန် ခွင့်ပြုမိန့်၊ ပယ်ဖျက်မိန့်များရရှိနိုင်ရေး နေပြည်တော်ကောင်စီက ဆောင်ရွက်ပြီး ခွင့်ပြုမိန့်များရရှိမှသာလျှင် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး ကျေးရွာတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နေပြည်တော်ကောင်စီက ဆက်လက်ဆောင်ရွက်သွားရမည့်ကိစ္စဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက **"အမျိုးသားဘာသာ၊ စာပေနှင့်ယဉ်ကျေးမှုရိုးရာထုံးစံများမပျောက်မပျက်စေရေးအတွက် အမျိုးသားဘာသာ၊ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာမူဝါဒနှင့် အမျိုးဘာသာစာပေရေရှည်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ/နည်းဥပဒေ(တစ်ခု)ရေးဆွဲပြီး တိတိကျကျပြဋ္ဌာန်းသင့်ကြောင်းအရာ"**ကို တင်သွင်းရာ သဃ်ခ်းကျန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေးက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေ ကြမ်း"**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို အောက်တိုဘာ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ စတင်ကျင်းပ



အရေးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြစဉ်။



မဟာဂီတအခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး တေးသီချင်းအဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မအိမိုသံသာခင် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးအကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မသွန်းရတီကျော် ယှဉ်ပြိုင်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၁

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက် စွာ ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁)ရှိ နီလာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ရွှေပင်ရွှေဘုန်း(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ကြောက်ဖွယ်ဘုန်းတန်း(ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက သည်ဆောင်းဟေမန် (ဘွဲ့)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

"ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ရှိ မြခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက အစိန္ဒေယျ (ဌေးဌေးမြင့်) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက အစီအစဉ်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ကလည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင် အဆင့် (ပထမတန်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သုံးပါးမြတ်ရတနာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ဂုဏ်ရည်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတို့ကို ဒုတိယအကြိမ်ကဲ့သို့ ဒေသအလိုက် ကွင်းဆင်းကာ ဆန်းစစ်အကဲဖြတ်ခြင်းမျိုးမဟုတ်ဘဲ ပြိုင်ပွဲဝင်များ၏ စွမ်းဆောင်ရည်ကို ဗဟိုအဆင့်တွင် ဆန်းစစ်အကဲဖြတ်ခြင်းသာ ဖြစ်ကြောင်း ပြိုင်ပွဲဦးစီးအဖွဲ့ ဒုတိယအတွင်းရေးမှူး ဒေါက်တာ ဝင်းမြင့်ဦးက ရှင်းလင်းပြောကြားခဲ့သည်။

ခိုင်းခဲ့ကျေးရွာ VDP ဗိမ်းကိန်းရှင်းလင်းခြင်းနှင့် ကော်မတီပွဲ စည်း

မိုင်းကိုင် အောက်တိုဘာ ၂၁

သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ယန်းနှန်းကျေးရွာအုပ်စု၊ ခိုင်းခဲ့ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးဝင်းဖြိုးဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ခိုင်းခဲ့ကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ်ပေးခဲ့ကြကြောင်း သိရသည်။ **အောင်ရဲကျော်**



ပိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကျွဲ၊ နွားတိရစ္ဆာန်အစာကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်

ပွင့်ဖြူ အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကျွဲ၊ နွားတိရစ္ဆာန် အစာပင်ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ကျွဲ၊ နွားတိရစ္ဆာန်အစာပင် ၅၆၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကျွဲ၊ နွားတိရစ္ဆာန်အစာပင် စိုက်ခင်းများကို စက်တင်ဘာ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ကျွဲ၊ နွားတိရစ္ဆာန်အစာ ၂၃၆၀ နှုန်း ထွက်ရှိသည်။ **(အမေါ်ဝံ) (၄၄၅)**

စာမျက်နှာ ၈ သို့ ✦

✦ စာမျက်နှာ ၇ မှ

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆောင်းဦးဟေမန်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား/အမျိုးသမီး ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မွေးမေမေ" ခေါင်းစဉ်ဖြင့် လည်းကောင်း ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ ဝန်ဓနဲ့မင်းရာဇာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း ဖြိုင်ဖြိုင်ဆိုင်ဆိုင်တီးခတ် ယှဉ်ပြိုင်ကြသည်။

နဲ့ပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိမင်္ဂလာ" (မင်္ဂလာသြဘာဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထွေတလာလာ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိ" (ဝတ်တော်ရုံဘုန်းတော်ဘွဲ့) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားစန္ဒရားအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းဆက်သွေး ယှဉ်ပြိုင်စဉ်။

ဒိုးပတ်အတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇောတ်ရုံ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခါန္ဓေဆန်း" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ပန်းဟေဝန် (တောဘွဲ့ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မေဘဝခဏာ ဘယ်သူယုပါ့မယ် (ကာလပေါ်) သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု အောင်တံခွန်ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှပများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီး အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ဥဿာ မဟာသဘင် ဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ဒို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းဓိသားစုများ၊ သာဝင်ကိုချစ်မြတ်နိုးကြသည့် ဓိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ ဓိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၄၀၀ ကျော် ပါဝင် ယှဉ်ပြိုင်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် မျှော်မှန်းကာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို အစဉ်အလာမပျက် ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



အဆင့်မြင့်ပညာအဆင့် အမျိုးသားဒိုးပတ်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။

မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာငွေများ ပုံမှန်ထုတ်ပေးလျက်ရှိ

စဉ်ကူး အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ်ကူးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာငွေများကို ယနေ့ နံနက်ပိုင်းမှစ၍ ထုတ်ပေးလျက်ရှိသည်။

စဉ်ကူးမြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ(ပင်စင်) လစာထုတ်ယူရာတွင် E-pension card ဖြင့် ထုတ်ယူသူ (၁၁၁၉)ဦးနှင့် manual ဖြင့် ထုတ်ယူသူ (၄၃) ဦး၊ စုစုပေါင်း (၁၁၆၂) ဦးရှိရာ ပင်စင်ထုတ်ယူရာတွင် အခက်အခဲမရှိစေရန် အုပ်စုများခွဲကာ နေ့ရက်သတ်မှတ်ပေး၍ အလှည့်ကျထုတ်ပေးလျက်ရှိကြောင်း၊ အခြားဘဏ်များမှ လာရောက်ထုတ်ယူသူများအားလည်း ထုတ်ပေးလျက်ရှိကြောင်း၊ ပင်စင်လစာ ထုတ်ယူရန် ကိုယ်တိုင်မလာရောက်နိုင်သူ အငြိမ်းစားများအနေဖြင့် ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူနိုင်ကြောင်း၊ ထုတ်ယူရန် ကျန်ရှိသူများအတွက် ပင်စင်လစာငွေထုတ်ပေးခြင်းကို နေ့စဉ် ရုံးပိတ်ရက်မှအပ ရုံးဖွင့်ချိန်များတွင် ထုတ်ပေးသွားမည်ဖြစ်ကြောင်း စဉ်ကူးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာထံမှ သိရသည်။ **တင်စာလွင်(ပြန်/ဆက်)**



ကျန်းမာရေးတေင့်ရောက်ကုသပေးခြင်းဆောင်ရွက်

ပခုက္ကူ အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလအတွင်း ကျန်းမာရေးဆိုင်ရာဆောင်ရန်၊ ရှောင်ရန်အချက်များ သတိပြုနေထိုင်တတ်စေရေးနှင့် ကျန်းမာကြွံ့ခိုင်ကြစေရေးအတွက် သက်ကြီးဘိုးဘွားများအား တိုင်းရင်းဆေးပညာကုထုံးနည်းဖြင့် ကျန်းမာရေးစောင့်ရှောက်ကုသပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထို သို့ဆောင်ရွက်ရာတွင် ပခုက္ကူရရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အောင် ဦးဆောင်သော ဝန်ထမ်းများက ပခုက္ကူမြို့၊ အမှတ် (၆)ရပ်ကွက်၊ ကုသိနာရုံကျောင်းဝင်းအတွင်း ဥပုသ်သီလဆောက်တည်ကြသော သက်ကြီးဘိုး ဘွား ၆၀ ဦးတို့အား တိုင်းရင်းဆေးပညာကုထုံးနည်းဖြင့် ကျန်းမာရေးစောင့်ရှောက် ကုသပေးခဲ့ကြောင်း သိရသည်။

(၃၄၀)

နိုင်ငံတကာ အားကစား သတင်းများ

သီယိုလီဘရစ်စ် လိုရီယန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



ပါရီ အောက်တိုဘာ ၂၁

ပြင်သစ်လီဂူးကလပ် လိုရီယန်အသင်းသည် အသင်းနောက်ခံကစားသမား သီယိုလီဘရစ်စ်ကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် လိုရီယန်အသင်းနှင့် အတူ ၂၀၂၁ မှ ၂၀၂၆ ခုနှစ်အထိ ပြင်ပွဲစုံ ၉၆ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ သီယိုလီဘရစ်စ်က 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကို လည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်'ဟု ပြောသည်။ **(ဝဲဝုံ) (NGB)**

ဒေးဗစ်အိုတိုဘီကို ခေါ်ယူရန် နယူးကာဆယ်အသင်း စီစဉ်



လန်ဒန် အောက်တိုဘာ ၂၁

နယူးကာဆယ်အသင်းသည် ဗလင်စီယာအသင်း တောင်ပံကစားသမား ဒေးဗစ်အိုတိုဘီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် ဗလင်စီယာအသင်းနှင့်အတူ စပိန်လာလီဂါပွဲစဉ် ရှစ်ပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဗလင်စီယာအသင်းကလည်း ဒေးဗစ်အိုတိုဘီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ဗလင်စီယာအသင်းထံမှ ဒေးဗစ်အိုတိုဘီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ယာဝုံ) (NGB)**



2026 Guangzhou Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၂၆ ရက်တွင် စတင်မည်

ပေကျင်း အောက်တိုဘာ ၂၁

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Guangzhou Open တင်းနစ်ပြိုင်ပွဲ လာမည့် အောက်တိုဘာ ၂၆ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Guangzhou Open တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်မှ နိဝင်ဘာ ၂ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Guangzhou Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Guangzhou Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အမေရိကန်တင်းနစ်မယ် Ann Li ဖြစ်သည်။ **(အပေါ်ဝဲဝုံ) (NGB)**

ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ (အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၃) နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	ပွဲစဉ်		
၂၂-၁၀-၂၀၂၆ ညဘေးခရုနာရီ	ဇီရန်ဘာရိုစ်	-	တော်ရင်စ်
၊	ကျူဗင်တပ်	-	ရင်းနက်စ်
၊	လက်ဝဲပိုဇိန်နန်	-	ဆန်းဒါးလန်း
၊	OFI ခရီတီ	-	လေဗာကူဆင်
၊	စတမ်းဂရက်ဇ်	-	မာဆေးလ်
၊	စိန့်ဂယ်လ်လွိုက်စ်	-	ဟာပိုးလ်ဘီယာရှီဗာ
၂၃-၁၀-၂၀၂၆ နံနက်ဝေးငုဝနာရီ	ဘုန်းမောက်	-	အော်စီမီလန်
၊	ဘီဆစ်တပ်စ်	-	ပဲလေ့စ်
၊	ဆဲလ်တစ်	-	ဆဲလ်တာဗီဂို
၊	ဟော်ဖန်ဟိမ်း	-	လိုင်ပယ်ဇ်
၊	အိုလံပီယာကို့စ်	-	စပါတာပရာဂ်
၊	နီကိုစီယာ	-	ဘင်ဖီကာ
၊	ပလာဇန်	-	ဆိုဖီယာ

ကွန်ဖရန့်လိဂ် ဘောလုံးပြိုင်ပွဲ (အမှတ်ပေးလိဂ်အဆင့်) (ပွဲစဉ်-၂) နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	ပွဲစဉ်		
၂၃-၁၀-၂၀၂၆ နံနက်ဝေးငုဝနာရီ	အေဂျက်စ်	-	အတ္တလန္တာ
၊	ဘရာဂါ	-	ဂျွန်စ်
၊	မိနာကို	-	ဇရိုင်းဘတ်

နည်းပြ ပီယာဆော့ခ်ျ ခရစ္စတယ်ပဲလေ့စ်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရပုံယိုရှိ



လန်ဒန် အောက်တိုဘာ ၂၁

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းရလဒ်ဆိုးများကြောင့် နည်းပြ ပီယာဆော့ခ်ျကို နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီမီးယားလိဂ်ပွဲစဉ် ခုနစ်ပွဲကစားအပြီးတွင် ရမှတ် ခုနစ်မှတ်ဖြင့် အဆင့် ၁၄နေရာတွင်ရပ်တည်ပြီး ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ ပီယာဆော့ခ်ျကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ပီယာဆော့ခ်ျသည် ခရစ္စတယ်ပဲလေ့စ်အသင်းကို ၂၀၂၆ခုနှစ် ဇွန် ၁၅ရက် စတင် ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၀ပွဲတွင် လေးပွဲနိုင်၊ တစ်ပွဲသရေ၊ ငါးပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ ပီယာဆော့ခ်ျအနေဖြင့် ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဝုံ) (NGB)**

ဆီမန်ညို ဒဏ်ရာကြောင့် နှစ်လခန့် အနားယူရမည်

လန်ဒန် အောက်တိုဘာ ၂၁

မန်စီးတီးအသင်း တောင်ပံကစားသမား ဆီမန်ညိုသည် ခြေထောက်ဒဏ်ရာကြောင့် နှစ်လခန့် အနားယူရမည်ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းက အစ်ဆွစ်ခ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။



တောင်ပံကစားသမား ဆီမန်ညို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မန်စီးတီးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဆီမန်ညိုသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၄ ပွဲကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(ဝဲဝုံ) (NGB)**



ဆိုင်ဒိုဘီရာဟီနို ဘောလုံးကစားသမားဘဝမှ အနားယူ

လန်ဒန် အောက်တိုဘာ ၂၁

ဝက်စ်ဘရွန်းအသင်းတိုက် စစ်မှူးဟောင်း ဆိုင်ဒိုဘီရာဟီနို ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် ဝက်စ်ဘရွန်း၊ ဘရန်ဖို့ဒ်၊ စတုတ်စီးတီး၊ ရုက်ဖီးလ်(Wed) စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အောင်မြင်မှုများ ရယူနိုင်ခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဆိုင်ဒိုဘီရာဟီနိုက 'ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်'ဟု ပြောသည်။ **(ဝဲဝုံ) (NGB)**

ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

ပါရီ အောက်တိုဘာ ၂၁

ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၃၈ မိနစ်တွင် ဒူအေ၊ ပွဲချိန် ၇၂ မိနစ်တွင် လူးကပ်စ်ဟာနန်ဒက်ဇ်၊ ပွဲချိန် ၈၁ မိနစ်တွင် ဇီတင်ညာ၊ ပွဲချိန် ၈၆ မိနစ်တွင် ဖာဘီယန်ရုဇ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် လာမည့် နိဝင်ဘာ ၄ ရက်တွင် ဇီလာရီးရဲလ်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ဝုံ) (NGB)**



ဘောလုံးသတင်း အတိုအထွာများ

* ပေါ်တူဂီဘောလုံးအဖွဲ့ချုပ် (FPF)က လေ့ကျင့်ရေးစခန်းမှ ထွက်ခွာသွားသည့် တိုက်စစ်မှူး စီရော်နယ်လ်ဒိုကို ရက် ၃၀ ပွဲကစားခွင့် ပိတ်ပင်မှုနှင့် ဒဏ်ငွေပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ခဲ့သည်။

* မန်ယူအသင်းသည် ဂိုးမားအသင်း နောက်ခံကစားသမား ဝက်စလေကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(NGB)**

မဟာလောကမာရဇိန်စေတီကုသိုလ်တော်မြတ်စွာဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိမြတ်စွာဘုရား (၁၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

မန္တလေး အောက်တိုဘာ ၂၁

ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားတော်မူခဲ့သည့် အောင်မြေသာစံမြို့နယ် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားနှင့် နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိမြတ်စွာဘုရားတို့၏ (၁၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား(တောင်မုခ်)တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုသိုလ်တော်ဘုရား ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

၄င်းနောက် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား(တောင်မုခ်)တွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက (၁၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြသည့်အဖွဲ့များအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နှင့် ၃ ရက်(အောက်တိုဘာ ၂၈ ရက် နှင့် ၂၉ ရက်)တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်)

အထည်အလိပ် ရက်ကန်းလုပ်ငန်းရှင်များအသင်း(မန္တလေး)၏ ရက်ကန်းထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ



မန္တလေး အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး၊ အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း(မန္တလေး)၏ ရက်ကန်းထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်၊ ဆောင်း၁၊ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်ဇနီး၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၄င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း(မန္တလေး)ဥက္ကဋ္ဌနှင့် အသင်းသား၊ အသင်းသူများ၊ အသင်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရက်ကန်းလုပ်ငန်းရှင်များ၊ ရက်ကန်းပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း(မန္တလေး)၏ ရက်ကန်းထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

၄င်းနောက် အခမ်းအနားကို ရွှေလွန်းပျံခန်းမတွင် ဆက်လက်ကျင်းပရာ လက်ခုပ်သံသဲချင်းဖြင့် တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရက်ကန်းပညာရပ်သည် ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သလို အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုလည်းဖြစ်ပြီး ပညာရပ်ရှင်သန်တိုးတက်နေခြင်းသည် ရက်ကန်းပညာရှင်များ၏ကျွမ်းကျင်မှုကို တန်ဖိုးထားရာရောက်သလို ဒေသခံမိသားစုများ၏ အသက်မွေးဝမ်းကျောင်းကိုလည်း အထောက်အကူပြုပါကြောင်း၊ မြန်မာနိုင်ငံဒေသအသီးသီးမှ ရိုးရာရက်ကန်းပညာ၊ အနုပညာလက်ရာနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို တစ်နေရာတည်းတွင် စုစည်းတွေ့မြင်နိုင်သည့် ပြပွဲလည်းဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်တွေအကြား ဒေသအချင်းချင်းချိတ်ဆက် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရရှိလာမည့်အပြင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ရိုးရာပညာရပ်များကို မတိမ်ကောမပျောက်ပျက်အောင် ရေရှည်တည်တံ့အောင် တန်ဖိုးထားကာ ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီးက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အထည်အလိပ်ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

၄င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ရက်ကန်းထုတ်ကုန်ပြပွဲ၊ ဈေးရောင်းပွဲတော်နှင့် အသင်းသားစုံညီအစည်းအဝေးဖြစ်မြောက်အောင် ကူညီအားဖြည့်ပေးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

၄င်းနောက် အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း(မန္တလေး)မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးနှင့် ပတ်သက်၍လည်းကောင်း၊ အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း (မန္တလေး) နှင့် မြန်မာနိုင်ငံချည်မျှင်နှင့် အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များ အသင်းတို့အကြား နားလည်မှု စာချွန်လွှာ MoU လက်မှတ်ရေးထိုးခြင်းများကိုလည်းကောင်း အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ရက်ကန်းထုတ်ကုန်ပြပွဲ၊ ဈေးရောင်းပွဲတော်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ပဲခူး၊ မွန်၊ ရှမ်း၊ ရခိုင်နှင့် တနင်္သာရီစသည့် မြန်မာနိုင်ငံဒေသအသီးသီးမှ ရိုးရာရက်ကန်းထုတ်ကုန်ချည်ထည်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ ရက်ကန်းထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာရက်ကန်းထုတ်ကုန်ချည်ထည်နှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်ခန်းများ စုစုပေါင်းဆိုင်ခန်း(၇၀)ကျော်ပါဝင်ကာ အောက်တိုဘာ ၂၀ ရက်နေ့မှ ၂၁ ရက်နေ့အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ပြီး အနုပညာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

ချောက် အောက်တိုဘာ ၂၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုလာကျေးရွာ၌ အယ်လ်နီညို အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်က စူပါအယ်လ်နီညိုကျရောက်ပါက ရေပြတ်လပ်မှုမရှိစေရေး၊ ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သမဝါယမဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက အပူဒဏ်ကြောင့် ဖြစ်တတ်သော ကျန်းမာရေးအကြောင်း အရာများ၊ အယ်လ်နီညိုအပူဒဏ်ကြောင့်မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရန် နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့သည်။

နီလာထွေး(ကျေးလက်)

၀-၀-၀-၀-၀

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး မြန်မာအာကာသအရောင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်က အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးတွင် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မည့် ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပခဲ့သော အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ Documentary Short Clip ကို ပြသခဲ့ပြီးနောက် မြန်မာအာကာသအရောင်စီမှ တာဝန်ရှိသူများက တာဝန်ခွဲဝေမှု၊ ကျင်းပရေးအစီအစဉ်(မူကြမ်း)တို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။



၄င်းနောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေး၍ ဝိုင်းဝန်းအကြံပြုတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် မြန်မာအာကာသအရောင်စီအမှုဆောင်အရာရှိချုပ်က နိဂုံးချုပ်အမှာစကားနှင့် ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(မန္တလေးနေ့စဉ်)**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ်၊ (ပထမအကြိမ်) တံတားဦးမြို့နယ်လုံးဆိုင်ရာ ချစ်ကြည်ရေးနှင့် ညီညွတ်ရေးဗလာဘောလုံးပြိုင်ပွဲပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်



မန္တလေး အောက်တိုဘာ ၂၁

၂၀၂၆ ခုနှစ် (ပထမအကြိမ်) တံတားဦးမြို့နယ်လုံးဆိုင်ရာ ချစ်ကြည်ရေးနှင့် ညီညွတ်ရေးဗလာဘောလုံးပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက တံတားဦးခရိုင်၊ တံတားဦးမြို့နယ်ရှိ မြို့နယ်အားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြပြီး အမှတ်(၁)အသင်းနှင့် ဆင်ကျူးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ ဆင်ကျူးအသင်းက အမှတ်(၁)အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက အကောင်းဆုံးအားကစားသမားဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ တတိယဆုနှင့် ဒုတိယဆုရရှိသည့်အသင်းများအား တစ်ဦးချင်းစီ ဆုတံဆိပ်များနှင့်ဂုဏ်ပြုဆုငွေများ၊ ပါဝင်ဆောင်ရွက်ပေးခဲ့သည့် အဖွဲ့များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ ခွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပထမဆုရရှိသည့် ဆင်ကျူးအသင်းအား တစ်ဦးချင်းစီ ဆုတံဆိပ်များကို ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၆ ခုနှစ်(ပထမအကြိမ်)တံတားဦးမြို့နယ်လုံးဆိုင်ရာချစ်ကြည်ရေးနှင့် ညီညွတ်ရေးဗလာဘောလုံးပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုရရှိသည့် ဆင်ကျူးအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

စာလုံးပေါင်းသတ်ပုံမှန်ရွေးပြိုင်ပွဲ ကျင်းပ

မိုင်းစဲ အောက်တိုဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင်၊ မိုင်းစဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုတုတများ တိုးပွားလာစေရန်၊ ထိုးထွင်းကြံဆမှုများ တိုးတက်လာစေရန်နှင့်မြန်မာစာလုံးများကို သိရှိနားလည်ကာ အဓိပ္ပာယ်ကို လက်တွေ့နားလည်အသုံးချတတ်စေရန် ရည်ရွယ်၍ အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက မိုင်းစဲမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာလုံးပေါင်းသတ်ပုံမှန် ရွေးပြိုင်ပွဲကို ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ စာလုံးပေါင်းသတ်ပုံမှန်ရွေးပြိုင်ပွဲကို မိုင်းစဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်အိဇာလျိုက ဦးဆောင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ ဦးနှောက်ဉာဏ်ရည် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားကျောင်းသား၊ ကျောင်းသူများ မြန်မာစကား၏ အဓိပ္ပာယ်ကို နားလည်သိရှိသဘောပေါက်ချစ်မြတ်နိုးလာစေရေးအတွက် မြန်မာစာသတ်ပုံ၏အစကို ဖော်ပြထားလျက် စာလုံးတစ်လုံးသတ်ပုံမှန်ကို မိမိ ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာဗဟုသုတများပေါင်းစပ်၍ ဖြေဆိုရပြီး စာလုံးပေါင်းသတ်ပုံမှန်ကို မှန်ကန်စွာ ဖြေဆိုနိုင်သူ ကျောင်းသား၊ ကျောင်းသူများက စကားလုံးများ၏ အဓိပ္ပာယ်နှင့် အသုံးပြုပုံတို့ကို ပြန်လည်ရှင်းလင်းခဲ့သည်။

ထို့နောက် စာလုံးပေါင်းသတ်ပုံမှန်ရွေးပြိုင်ပွဲတွင် အမှတ်အများဆုံးဖြေဆိုနိုင်သော ဆရကျောင်းသား၊ ကျောင်းသူများအား မြို့ဦးစီးမှူးက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

၀-၀-၀



မြင်းမူမြို့နယ်တွင် အယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး အသိပညာပေး

မြင်းမူ အောက်တိုဘာ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြင်းမူမြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် အသိပညာပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြင်းမူမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်လှိုင်နှင်းအေးက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ သောက်သုံးရေကို အလေအလွင့်မရှိစေရန် အတွက် ချွေတာသုံးစွဲရန်၊ မိုးရေကို စနစ်တကျ စုဆောင်းသိုလှောင်ထားရှိရန်၊ ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန်နှင့် ရေတွင်း၊ ရေကန်များကို သန့်ရှင်းစွာထားရှိရန်၊ သောက်သုံးရေကို သန့်ရှင်းစွာ သိုလှောင်ပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ သောက်သုံးရန်တို့ကို အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

နေလင်းအောင်(ပြန်/ဆက်)



(၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

တံတားဦး အောက်တိုဘာ ၂၁

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၆ခုနှစ်၊ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၃၈)နှစ်မြောက် ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တံတားဦးခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းခြင်းကို အောက်တိုဘာ ၂၀ ရက်နှင့်နောက် ၉ နာရီက တံတားဦးမြို့ပြည်သူ့ဆေးရုံရှိ သံဃာဆေးကုသဆောင်၌ ကျင်းပသည်။



စုပေါင်းသွေးလှူဒါန်းပွဲသို့ တံတားဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်နှင့် တာဝန်ရှိသူများက စုပေါင်းသွေးလှူဒါန်းနေကြသည် ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၂၁ ဦးတို့၏ သွေးလှူဒါန်းနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တံတားဦးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည့် အမှန်တကယ် သွေးလိုအပ်နေသောဝေဒနာရှင်များ၏ အသက်ကို ကယ်တင်ပေးခြင်းဖြင့် လူဒါန်းပေးခြင်းဖြစ်ကြောင်း၊ သွေးများ မလှူဒါန်းမီ သွေးပေါင်စစ်ဆေးခြင်း၊ သွေးအမျိုးအစား ခွဲခြားပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ သွေးလှူဒါန်းပေးသော ဝန်ထမ်းများအား အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အောက်ပုံ)

(၅၀၉)

o-o-o-o-o-o-o



ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

မြစ်သား အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်တွင် လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများရရှိစေရန်၊ မိမိတို့ဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို ပြည်သူကြားတွင်ဆွေးနွေးမှုများ ရှိလာစေရန်၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့် ကောင်းများရရှိစေရန် ရည်ရွယ်၍ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက မြစ်သားမြို့နယ်၊ ကူမဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ တောက်ပရစ်အောင်မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

ရေဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော လွတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက မိတ်ဆက်စကားပြောကြားခဲ့သည်။ ထို့နောက် ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့ရာ တက်ရောက်လာကြသူများက တင်ပြဆွေးနွေးကြရာ လွတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝါဝါမြင့်(မြစ်သား)

ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မိုင်းယောင်း အောက်တိုဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ယမန်နေ့က ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်က တည်ဆောက်ရေးလုပ်ငန်းများ၊ အမျိုက်များ စနစ်တကျ စွန့်ပစ်ရေးနှင့် ချောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေး စသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိဌာနတွင် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၅၀၅)



ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၀၇၁ ဧက စိုက်ပျိုးရန်လျာထား

ကျွန်းလှ အောက်တိုဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၆ - ၂၀၂၇ ခုနှစ်၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၀၇၁ ဧက စိုက်ပျိုးရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် ဆောင်းရာသီ ဟင်းသီးဟင်းရွက်သီးနှံစုံစိုက်ပျိုးဖို့ ၁၀၇၁ ဧက လျာထားပါတယ်။ စိုက်ပျိုးရာမှာ ချောင်းရေ၊ မြောင်းရေနဲ့ မြေအောက်ရေတင်ပြီး ပန်းမုန်လာ၊ ခရမ်း၊ ခရမ်းချဉ်၊ ကိုက်လန်း၊ ကြက်သွန်ဖြူနဲ့ ကြက်သွန်နီများ စိုက်ပျိုးကြပါတယ်။ အခုအခါ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၁၅၀ ကျော် စိုက်ပျိုးပြီးစီးခဲ့ပြီး ဆက်လက်၍လည်း စိုက်ပျိုးနေဆဲ ဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဟင်းသီးဟင်းရွက် စိုက်ပျိုးသည့် တောင်သူများအား သဘာဝမြေဩဇာနှင့် သဘာဝအားဆေး၊ သဘာဝပိုးသတ်ဆေး၊ ပိုးနှင့်ဆေးပြုလုပ်သုံးစွဲရေး လက်တွေ့ပြသခြင်းနှင့် စိုက်ပျိုးရေးနည်းပညာများကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

အဆိုပါ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိပါက စားသုံးမှုဖူလုံပြီး မိသားစုဝင်ငွေတိုးပွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်လမ်းများရရှိပြီး လူမှုစီးပွားဘဝမြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၀)



o-o-o-o-o-o-o-o

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အရေးပေါ်လူနာပေါ်ပေါက်လာပါက အဆင်သင့်ပြင်ဆင်ထားရှိမှုအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

တောင်တွင်းကြီး အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ယမန်နေ့ နံနက်ပိုင်းက စုပေါအယ်လ်နီညို ဖြစ်စဉ်ကြောင့် အရေးပေါ်လူနာများ လာရောက်ကြည့်ရှုစစ်ဆေးမှုအပေါ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာ အောင်နိုင်စိုးက စုပေါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အရေးပေါ်လူနာများ စစ်ဆေးခဲ့သည်။

တောင်တွင်းကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးမှုအပေါ် မြို့နယ်ပြည်သူ့ဌာနမှူး ဒေါက်တာ အောင်နိုင်စိုးက စုပေါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အရေးပေါ်လူနာများ ပေါ်ပေါက်လာပါက အဆင်သင့်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ထားကြောင်း၊ လိုအပ်သည့် ဆေးဝါးများကိုလည်း ပြင်ဆင်ထားကြောင်း၊ တောင်တွင်းကြီးမြို့နယ်ပြည်သူ့ဆေးရုံတက်ရောက် လူဦးရေ၏ ၁၀ ရာခိုင်နှုန်း ပြင်ဆင်ထားပြီး လိုအပ်လာပါက တိုးချဲ့ပြင်ဆင်ထားရှိရန်အတွက်လည်း ကြိုတင်စီမံမှုများ ဆောင်ရွက်ထားကြောင်း၊ အရေးပေါ်လူနာများအတွက်လည်း အောက်စီဂျင်၊ Air condition ၊ ရေခဲသေတ္တာနှင့် အခြားအသုံးအဆောင်ပစ္စည်းများလည်း ကြိုတင်စီမံထားကြောင်း ပြောကြားခဲ့သည်။



(ဝဲပုံ)

နောင်နောင် (ဗိသနိုးမြေ)

o-o-o-o-o-o-o

ပတ်ဝန်းကျင်သာယာလှပစေရေး
ပလတ်စတစ်သုံးစွဲမှုကို ဆန့်ကျင်ပေး။။

ပြင်ဦးလွင်ခရိုင်၊ မြို့နယ် YMBA အလုပ်အမှုဆောင်အဖွဲ့ ပွဲစဉ်းတာဝန်ပေးအပ်ပွဲ ကျင်းပ

ပြင်ဦးလွင် အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး YMBA အသင်း



ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးဇော်မင်းဦး၊ အတွင်းရေးမှူး ဦးထွန်းထွန်းရွှေ၊ တွဲဖက်အတွင်းရေးမှူး ဒေါသက်သက်ဟန်၊ ပြင်ဦးလွင်ခရိုင် YMBA အသင်းဥက္ကဋ္ဌ ဦးအောင်လင်းလင်းလတ်နှင့် ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး YMBA အသင်း တွဲဖက်အတွင်းရေးမှူးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး YMBA အသင်း ဥက္ကဋ္ဌ ဦးမိုးဇော်ထွန်း၏ တာဝန်ပေးအပ်ချက်အရ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ဒေါက်တာဦးဇော်မင်းဦးက မိတ်ဆက်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ အတွင်းရေးမှူးက အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး ပြင်ဦးလွင်ခရိုင် YMBA အသင်းဥက္ကဋ္ဌက ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး YMBA အသင်း တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် YMBA အသင်း စည်းမျဉ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မြန်မာနိုင်ငံတစ်ဝန်း Navratri ရိုးရာပွဲတော်ကို စည်ကားစွာ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၁

အိန္ဒိယရိုးရာ ကိုးညတာ Navratri ပွဲတော်ကို ယခုနှစ်တွင်လည်း မြန်မာနိုင်ငံရှိ အိန္ဒိယနွယ်ဖွားများနှင့် အိန္ဒိယနိုင်ငံ၏ မိတ်ဆွေများက စိတ်အားထက်သန်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

အိန္ဒိယအသိုက်အဝန်းဆိုင်ရာ အဖွဲ့အစည်းများက ဘုရားကျောင်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ နေရာများတွင် စီစဉ်ကျင်းပသည့် ပွဲတော်များ၌ တက်ရောက်သူ ရာနှင့်ချီပါဝင်ခဲ့ကြပြီး ဘာသာရေးဆိုင်ရာ ဆုတောင်းပွဲဓော်မှုများနှင့်အတူ ရိုးရာ Garba အကများဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲခဲ့ကြသည်။

ထို့ပြင် ယဉ်ကျေးမှုစင်တာမှ အနုပညာရှင်များနှင့် ဖျော်ဖြေသူများကလည်း ယဉ်ကျေးမှုဆိုင်ရာ ဖျော်ဖြေတင်ဆက်မှုများဖြင့် ပါဝင်အားဖြည့်ပေးခဲ့ကြသည်။

Navratri သည် ဟိန္ဒူဘာသာဝင်များအတွက် နတ်ဘုရားမ ဒုရ်ဂါကို ကိုးကွယ်ပူဇော်သည့် အရေးပါသော ပွဲတော်တစ်ခုဖြစ်ပြီး အိန္ဒိယရိုးရာယဉ်ကျေးမှုနှင့် ဘာသာရေးအစဉ်အလာများကို ဖော်ထုတ်ထိန်းသိမ်းသည့်အပြင် မြန်မာနိုင်ငံရှိ အိန္ဒိယနွယ်ဖွားများနှင့် မြန်မာမိတ်ဆွေများအကြား ချစ်ကြည်ရင်နှီးမှုကိုလည်း ပိုမိုခိုင်မာစေသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



သန့်ရှင်းစိမ်းလန်းစေသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ဖြန်လည်ပြုပြင်သုံးစွဲစို့ ။

မန္တလေးကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားပွဲတော်တွင် ကရဝိက်ဖောင်တော်လှည့်ပွဲ ကျင်းပမည်

မန္တလေး အောက်တိုဘာ ၂၁



မန္တလေးမြို့ရှိ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားတို့၏ (၁၃၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့်အတူ ယခုနှစ်တွင် ပြန်လည်ကျင်းပမည့် တောင်သူကြီးအသင်း ရေလယ်ဓမ္မာရုံ၏ ကရဝိက်ဖောင်တော်လှည့်ပွဲကို သီတင်းကျွတ်လပြည့်နေ့ ညနေ ၆ နာရီမှ ၈ နာရီအထိ မီးရောင်စုံများဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါကရဝိက်ဖောင်ကို ယခုနှစ်တွင် လေ့ယိမ်းအဖွဲ့၊ အဆိုတော်၊ ဆိုင်း၊ လေထိုးသားများဖြင့် သီတင်းကျွတ်လပြည့်နေ့ ညနေ ၆နာရီမှ ၈နာရီထိ ဖောင်တော်တစ်ခုလုံး မီးအလှဆင်ပြီး လှည့်လည်ပြသသွားမည်ဖြစ်ပြီး လပြည့်ကျော် ၁ရက်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူချိန်တွင်လည်း လေ့လော်ယိမ်းအဖွဲ့က သီချင်းများဖြင့် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်သည်။

ယခင်က ဂျပ်စက္ကူ၊ ကရဝိက်အစား ယခုနှစ်တွင် စတီးကရဝိက်ဖောင်ဖြင့် ငွေကျပ်သိန်း ၂၈၀ခန့် အကုန်ကျခံကာ ပြုပြင်ထားကြောင်း တောင်သူကြီး အသင်း ဥက္ကဋ္ဌက ပြောသည်။

(အပေါ်ပုံ)

ရွှေမန်း

မန္တလေးမြို့တွင် Sparkle Network Exhibition ကျောက်မျက်ရတနာပြပွဲ ဒုတိယအကြိမ် ကျင်းပမည်

မန္တလေး အောက်တိုဘာ ၂၁

ကျောက်မျက်ရတနာချစ်သူများ လေ့လာကြည့်ရှုဝယ်ယူနိုင်ရန် Sparkle Network Exhibition ကျောက်မျက်ရတနာပြပွဲကို မန္တလေးမြို့တွင် ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့၌ ကျင်းပသွားမည်ဖြစ်သည်။



အဆိုပါပြပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ရတနာဆိုင်အမျိုးမျိုးပါဝင်ပြသကြမည်ဖြစ်ပြီး ရွေထည်၊ စိန်ထည်နှင့် သဘာဝကျောက်မျက်ရတနာအမျိုးမျိုးကို တစ်နေရာတည်း၌ စုံလင်စွာ လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။

ပြပွဲသို့ လာရောက်သူများအနေဖြင့် မိမိတို့နှစ်သက်သည့် ရတနာဒီဇိုင်းများကို ရွေးချယ်ကြည့်ရှုနိုင်သည့်အပြင် ကိုယ်တိုင်ဝတ်ဆင်ရန်ဖြစ်စေ၊ မိသားစုဝင်များနှင့် ချစ်ခင်ရသူများအတွက် လက်ဆောင်ပေးရန်ဖြစ်စေ သင့်လျော်သည့် ရတနာများကို ရှာဖွေဝယ်ယူနိုင်မည်ဖြစ်သည်။

(မန္တလေးနေ့စဉ်-၈)

မန္တလေးတိုင်းဒေသကြီးအတွင်း မိသားစုဝင်ငွေတိုးရေးသင်တန်း (၁၀)ကြိမ် ဖွင့်လှစ်ရန် ဆောင်ရွက်နေ

မန္တလေး အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်း (၁၀) ကြိမ် ဖွင့်လှစ်ရန် စီစဉ်ထားရာ လက်ရှိတွင် သင်တန်း ခုနှစ်ကြိမ် ဖွင့်လှစ်ပြီးဖြစ်သည်။

အဆိုပါသင်တန်းများကို ဧပြီလမှ စတင်ဖွင့်လှစ်ခဲ့ပြီး ကျန်ရှိသည့် သင်တန်း သုံးကြိမ်ကို ဒီဇင်ဘာလအတွင်း အပြီးဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းဖိုလ်က ပြောကြားသည်။

လက်ရှိဖွင့်လှစ်ပြီးစီးခဲ့သည့် သင်တန်း ခုနှစ်ကြိမ်တွင် အပ်ချုပ်နည်းပညာသင်တန်း သုံးကြိမ်၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း နှစ်ကြိမ်နှင့် မော်တော်ဆိုင်ကယ်ပြင်သင်တန်း တစ်ကြိမ် ပါဝင်သည်။ ကျန်ရှိသည့် သင်တန်းများအနက် မိတ္ထီလာမြို့တွင် အသီးအနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်သင်တန်းနှင့် ပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာနှင့် ရမည်းသင်းမြို့နယ်၊ ကံသာအေးကျေးရွာတွင် အသီးအနှံအခြေခံ တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်မှုသင်တန်းတို့ကို ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းများကို ဒေသထွက်ကုန်ကြမ်းများနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များအပေါ် အခြေခံ၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ပညာရေးဆုံးခန်းတိုင်အောင် သင်ယူနိုင်ခြင်းမရှိသည့် မြို့ပြနှင့် ကျေးလက်ဒေသရှိ လူငယ်လူရွယ်များအနေဖြင့် နေအိမ်နှင့် နီးစပ်ရာ ဒေသများတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကိုယ်တိုင်လုပ်ကိုင်ကာ မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါသင်တန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကိုးကြိမ်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကိုးကြိမ်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ခုနှစ်ကြိမ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



သီတင်းကျွတ်လ ကျောက်တော်ကြီးဘုရားပွဲတော်

သီတင်းဝါလကျွတ်သည်နှင့်တစ်ပြိုင်နက် ဘုရားပွဲတော်များ ကျင်းပခြင်းဘက်တွင် အစဉ်အလာကောင်းခဲ့သော မန္တလေးမြို့တော်ကြီးတွင် ဘုရားပွဲတော်များ ကျင်းပလှူဒါန်းခြင်းနှင့်အတူ အိပ်ရာမှနိုးထလာကြသည်။ ဗုဒ္ဓဘာသာဝင်များသည် မိမိတို့နေထိုင်ရာ ရပ်ကွက်ကျေးရွာအသီးသီးတွင် ကိန်းဝပ်စံပယ်သော စေတီ၊ ဘုရား၊ ရုပ်ပွားဆင်းတုတော်များကို နှစ်စဉ်ထာဝရ ဘုရားပွဲတော်များကျင်းပ၍ ပူဇော်ကြသည့်အပြင် သံဃာတော်များကိုလည်း ပစ္စည်းလေးဝလှူဒါန်းကြ၍ မြတ်ဗုဒ္ဓသာသနာကို ချီးမွှော်ကြသည်။

ဤသို့အားဖြင့် မန္တလေးမြို့တွင် အလှအပ အပြင်အဆင်များဖုံးစုံပြုလုပ်ကာ ဘုရားပွဲတော်များကို ခမ်းနားစွာ ကျင်းပလှူဒါန်းကြသည်။ မန္တလေးမြို့တော်တွင် ဘုရားပွဲတော်များကို ရှေးယခင်က သီတင်းကျွတ်လဆန်းပိုင်း ဘုရားသုံးဆူဘုရားပွဲမှ စတင်၍ ကျင်းပသည်ဟုဆိုပါသည်။ ဘုရားပွဲတော်ရာသီ၏နောက်ဆုံးပွဲမှာ ရွှေစာရံဘုရားပွဲ(တပေါင်းလပြည့်နေ့)ဟုလည်း ပြောကြသည်။ မန္တလေးမြို့သည် အပူပိုင်းဒေသဖြစ်သဖြင့် အေးမြသောရာသီ ဟေမန္တဥတုဆောင်းတွင်း ပိုင်းတွင် ကျင်းပလေ့ရှိကြသည်ကို တွေ့ရသည်။ မန္တလေးမြို့၏ ဘုရားပွဲတော်ကျင်းပသည့်ဘုရားများမှာ ရွှေမြန်မာမင်းများ တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင်ဘုရားစေတီများသာ အဓိကထား ကျင်းပသည်က များပါသည်။ မှတ်မိသလောက်တင်ပြရလျှင် ဥပမာ သကျသီဟ၊ အိမ်တော်ရာ၊ ရတနာမဉ္ဇူ၊ ကျောက်တော်ကြီး၊ စန္ဒာမုနိ၊ ကုသိုလ်တော်၊ ရွှေကျီးမြင်း၊ မဟာမြတ်မုနိ၊ ချမ်းသာကြီး၊ ချမ်းသာရ၊ ပေါင်းတော်ကျ၊ ဘုရားနီ၊ ဘုရားသုံးဆူ၊ ရွှေစာရံ စသည်တို့သည် ရှေးသမိုင်းဝင်ဘုရားစေတီများသာ ဖြစ်ပါသည်။ အခြားရပ်ကွက်ကျေးရွာ ဘုရားပွဲများလည်း ရှိပါသေးသည်။

ဘုရားပွဲတော်များသည် သူ့နေရာဒေသနှင့်သူ ကြီးကျယ်ခမ်းနားစွာ စည်ကားကြပါသည်။ မန္တလေးမြို့တွင် စည်ကားဆုံးဘုရားပွဲတော်သည် မဟာမြတ်မုနိ(ဘုရားကြီး)ဘုရားပွဲတော်ဖြစ်သည်။ နောက် ဒုတိယစည်ကားသောပွဲတော်မှာ မန္တလေးတောင်ခြေတွင်ရှိ ကျောက်တော်ကြီးဘုရားပွဲဖြစ်သည်။ ထိုဘုရားပွဲတော်ကို ကျောက်တော်ကြီးဘုရားပွဲဟုသာ လူသိများကြသည်။ သို့သော် ကျောက်တော်ကြီးဘုရား တစ်ဆူတည်းသာ ကျင်းပသော ဘုရားပွဲတော်မဟုတ်။ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား၊ နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားဆိုသော ရှေးဘုရားသုံးဆူအတူ ပူးတွဲကျင်းပသော ဘုရားပွဲတော်ဖြစ်သည်။ ထို့ကြောင့်လည်း ဘုရားပွဲရက် ရှည်လျားသည်။

ကျောက်တော်ကြီးဘုရားသည် မင်းတုန်းမင်းကြီးတည်ထားကိုးကွယ်ခဲ့သည့်ဘုရား မှန်သော်လည်း ၁၂၂၁ ခုနှစ် ရတနာပုံမန္တလေးနန်းမြို့တည်စဉ် ပြိုင်တူတည်ခဲ့သည့် ပန်းတောသတ္တဋ္ဌာနစာရင်းတွင် မပါဝင်ခဲ့ပေ။ ၁၂၂၇ ခုနှစ်ရောက်မှ တည်ထားတော်မူသဖြင့် မန္တလေးမြို့တော်ထက် ၆ နှစ်မျှငယ်သည်။

ထို့အတူ စန္ဒာမုနိစေတီတော်မြတ်သည်လည်း ကျောက်တော်ကြီးတည်တော်မူစဉ် ခေတ္တခဏစံနေတော်မူသည့်နေရာဖြစ်သဖြင့် ကျောက်တော်ကြီးဘုရားတည်ပြီးမှ ၁၂၂၉ ခုနှစ်တွင် ဉာဏ်တော်အမြင့် ပေ ၁၀၀ ရှိသော စေတီတော်ကိုတည်ထားခဲ့သည့် စေတီတော်ဖြစ်သည်။ မန္တလေးမြို့ထက် ၈နှစ်ငယ်သည်။ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားသည်သာ နန်းမြို့တည်စဉ် သတ္တဋ္ဌာနတွင် စာရင်းဝင်သည်။ ရှေးယခင်သမိုင်းဝင် ဘုရားပွဲတော်များဖြစ်သဖြင့် ဘုရားစေတီတို့နှင့်နီးစပ်ရာ ကျေးရွာများအပြင် အခြားမြို့ရွာဒေသအသီးသီးမှ ဘုရားပွဲတော်သို့လာရောက်ကြသဖြင့် ဘုရားပွဲတော်သည် လွန်စွာမှစည်ကားလှသည်။

ထို့အပြင် ဘုရားပွဲတော်သို့လာရောက်ကြသူများသည် 'အသက်ကလေးရဲ့ ရှည်စေလို၊ မန်းတောင်ရိပ်ခို' ဆိုသောစကားအရ မန်းတောင်ရိပ်ခိုလှုံကြသူတွေကများပါသည်။ ဘုရားပွဲတော်အနီးတွင် ရှိသော မန္တလေးတောင်ပေါ်သို့ တက်၍ ဘုရားစုံဖူးကြရခြင်းကိုလည်း များစွာမှနှစ်သက်ကြသည်။

ကျောက်တော်ကြီးဘုရားပွဲတော်သည် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လဆန်း ၈ရက်မှ၊ သီတင်းကျွတ်လပြည့်နေ့အထိ ၈ရက်တိုင်တိုင် ကျင်းပသည်။ သီတင်းကျွတ်လပြည့်ကျော် ၃ရက်တွင် သံဃာတော် အပေါ် ၁၀၀မှအပေါ် ၄၀၀ အထိ သံဃာ့ဒါန ဆွမ်းသပိတ်လောင်းလှူကြသည်။ အခြားလှူဖွယ်ပစ္စည်းများလည်း ပါဝင်လှူဒါန်းကြသည်။

ထို့အတူ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရားတို့သည်လည်း၊ မင်းနှင့်မိဖုရားများ၊ မှူးတော်မတ်တော်များ ဆောက်လုပ်လှူဒါန်းခဲ့ကြသော မန္တလေးအရှေ့ပြင် နန်းရှေ့တစ်ခွင်ရှိ ကျောင်းတိုက်တော်အသီးသီးမှ သံဃာတော်များအပြင်၊ မန္တလေးမြို့၏ လေးပြင်၊ လေးရပ်တွင်ရှိ သံဃာတော်များပါမကျန် သပိတ်နှင့် ဆွမ်း၊ လှူဖွယ်ပစ္စည်းများ လောင်းလှူကြပါသည်။

ရှေးမြန်မာမင်းများ၏ အထင်ကရ ဘုရားပွဲတော်မို့ ယခင်က ဆိုလျှင် ခမ်းနားကြီးကျယ်စွာ အထူးစည်ကားလှသည်ဟု ဆိုပါသည်။ ကျွန်တော်တို့ ငယ်စဉ်ကဆိုလျှင် ကျောက်တော်ကြီးဘုရားပွဲတော်ကို ဘုရားနှင့်နီးစပ်ရာ နန်းဦးလွင်၊ ကုန်းတန်း၊ မဲကင်းကုန်း၊ ကျွဲရေကုန်း၊ ဆင်ရွာကြီး၊ နွယ်နီ၊ စသည့်ကျေးရွာများမှ ဆွမ်းတော်ကြီးပွဲများကို အာရုံတော်အခမ်းအနားဖြင့် လာရောက်ကပ်လှူကြသည်။ မန္တလေးမြို့ပေါ်တွင် နေထိုင်သူများသာမက မန္တလေးမြို့ဝန်းကျင် ကျေးရွာအသီးသီး၊ မတ္တရာ၊ ပလိပ်၊ စဉ့်ကိုင်၊ ကျောက်ဆည် စသည့် အခြားဒေသအသီးသီးမှလည်း လာရောက်ကြသည်။ အထူးအားဖြင့် ရှမ်းပြည်နယ်မှ နီးနွယ်ပတ်သက်သူများ၊ ပဒ္ဓသိန်းဆက်ရှိသူများ လာရောက်ကြသည်။ ထို့ကြောင့်လည်း ဘုရားပွဲတော်သည် ကြက်ပျံမကျ စည်ကားလှသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများသည် နွားလှည်းယာဉ်များကို ပေါင်းမိုး (ခေါ်) အအုပ်အကာများပြုလုပ်၍ ထမင်းတောင်းများသယ်ဆောင်ကာ မိသားစုလိုက် တပျော်တပါးလာရောက်ကြသည်။ မြို့ပေါ်နေ လူတန်းစားများသည် မြင်းလှည်းယာဉ်များ စီးလုံးဌားကာ ညအိပ်လာရောက်ကြသည်။ မိသားစုများ၊ နီးစပ်ရာ မိတ်ဆွေသင်္ဂီတမှာနှင့်အတူ ဘုရားပွဲတော်သို့ လာရောက်ကြရာတွင် နွားလှည်းယာဉ်များ၊ မြင်းလှည်းယာဉ်များကို ခြူလုံးများဆွဲကာ ခြူလုံးသံတချွင်ချွင်နှင့် တွေ့မြင်ရသူအဖို့ မြန်မာတို့၏ယဉ်ကျေးမှုရိုးရာ အလှ ရှုမဝနိုင်အောင် ဖြစ်ကြရသည်။

ကျောက်တော်ကြီးဘုရားပွဲတော်သည် ဘုရားပွဲတော်ဆိုသော်လည်း ပစ္စည်းမျိုးစုံရောင်းဝယ်သော ဈေးတန်းကြီးအလား လွန်စွာမှ စည်ကားလှသည်။ ပွဲတော်ဈေးမှာဆိုလျှင် တောင်သူလယ်သမားများ၏ လယ်ယာသုံးပစ္စည်းများ အစုံအလင်ရရှိနိုင်သည်။ မျိုးစေ့၊ မျိုးစပါး၊ မျိုးပဲများလည်းရနိုင်သည်။ အထည်အလိပ်မျိုးစုံကိုလည်း ရနိုင်သည်။ ဒန်အိုးဒန်ခွက်၊ မြေအိုးမြေခွက်၊ ကြွေအိုးကြွေခွက် စသည့် အိုးခွက်ပန်းကန်မျိုးစုံကိုလည်း ရရှိနိုင်သည်။ ထို့အပြင် အမျိုးသမီးများ၏ အလှကုန်အသုံးအဆောင် သနပ်ခါး၊ မိတ်ကပ်၊ ကျောက်ဖျဉ်၊ မှန်၊ ဘီးမှအစ စုံလင်စွာရရှိနိုင်သည်။ မြန်မာတို့၏ ယဉ်ကျေးမှု အနုလက်ရာတစ်ခုဖြစ်သည့် ဝါးလက်မှုပညာမှရရှိသော ဆန်ကော၊ ဆန့်ခါ၊ ခေမော်၊ ဝါးခြင်းတောင်း၊ ဝါးထီး၊ ဝါးယပ်တောင် စသည်ဖြင့် အိမ်သုံးပစ္စည်းများကိုလည်း ရရှိနိုင်သည်။ အစစအရာရာ လိုအပ်သည်များကို တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်သည့်ပွဲတော်ဖြစ်၍ ပိုမိုစည်ကားသည်ဟု ပြောရပေမည်။

ထို့အပြင် ကျောက်တော်ကြီးဘုရားပွဲတော်ကြီးတွင် ရှေးယခင်ကဆိုလျှင် ပျော်ပွဲရွှင်ပွဲများအနေဖြင့် စိန်မဟာသဘင်၊ ရွှေမန်းသဘင်၊ မြို့တော်သိန်းအောင် စသည်ဖြင့် ရုံပွဲဇာတ်သဘင်များ လာရောက်ကပြကြသည်။ ယခု Covid-19 ကာလနောက်ပိုင်း ပြည်သူလူထုကျန်းမာရေးအတွက် ငဲ့ကွက်ပြီး ဇာတ်သဘင်ပွဲများ မပါရှိတော့ပေ။ ဘုရားပွဲတော်လာရင်း ဇာတ်ပွဲကြည့်ကြသူများ၊ ကျေးရွာအသီးသီးမှ ညအိပ်လာရောက်ကြသူတို့အတွက် အာဟာရဖြည့်တင်းနိုင်ရန် မုန့်ဟင်းခါး၊ ကြာဆံဟင်း၊ ဟင်းမျိုးစုံနှင့် ထမင်းဆိုင်များအပြင် လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်များလည်းရှိသည်။ ဆွေမျိုးသားချင်း၊ ရင်းနှီးသူများအတွက် အိမ်အပြန်လက်ဆောင်ပေးရန် ကောက်ညင်းဝါးကျည်တောက်၊ စလူမုန့်၊ အညာသားကျောကုန်း၊ မုန့်ခေါင်းအုံး၊ ကရေကရာ၊ မုန့်ခေါပြင်၊ မုန့်သိုင်းခြဲ၊ မန္တလေးထိုးမုန့်၊ မစကပ် စသည်တို့လည်း အစုံရရှိနိုင်ပေသည်။

ဘုရားဖူးလာ လူငယ်များအဖို့ ပွဲဈေးတန်းလျှောက်ရသည်ကိုပင် မမောနိုင်မပန်းနိုင်။ အတိတ်ကို အရိပ်သဖွယ်မြင်ယောင်ကြည့်မည်ဆိုပါလျှင် ရှေးယခင်က မန္တလေးမြို့ပတ်ဝန်းကျင်တွင်ရှိ ကျေးရွာများမှ ဘုရားဖူးလာရောက်ကြသူများသည် မိသားစုလိုက် ထမင်းထုပ်၊ ထမင်းတောင်းများဖြင့် လာရောက်ကြသည်။

တပျော်တပါးလာရောက်ကြသည့် နွားလှည်းယာဉ်၊ မြင်းလှည်းယာဉ်တို့မှ ခြူသံ၊ ခလောက်သံ၊ မြင်းခွာသံများသည် မြင်ရသူ၊ ကြားရသူများအဖို့ စိတ်နှလုံးရွှင်ပြုံးသာယာစေသည်မှာ ထိုဘုရားပွဲတော်၏ အနှစ်သာရဟုဆိုက မှားမည်မထင်ပါ။ နွားလှည်း၊ မြင်းလှည်းများဖြင့် ညအိပ်ညဉ့်နေလာရောက်ကြသူများသည် ကျောက်တော်ကြီးဘုရားအနီးရှိ သုခမ္မာဇရပ်တန်းတွင် နားနေကြပါသည်။ ထမင်းစားသောက်ကြသည့်အခါ ပါလာသမျှ စားဖွယ်သောက်ဖွယ်များကို အတူဝေမျှစားသုံးကြသည်မှာ တစ်ကိုယ်ကောင်းမဆန်ဘဲ ကြည်ဖြူစွာဝေမျှ အကျိုးတူခံစားတတ်ကြသည့် မြန်မာတိုင်းရင်းသားတို့၏ ချစ်စရာအမူအကျင့် မြတ်နိုးစရာ ဓလေ့ပင် ဖြစ်ပေသည်။ မြင်ရသူအဖို့ ကြည်နူးစရာကောင်းလှပေသည်။

ငယ်ရွယ်သူ လူငယ်မောင်မယ်တို့သည် ပွဲဈေးတန်းလျှောက်လိုက်၊ ပျော်လိုက်ပါးလိုက်နှင့် အချိန်ကုန်ကြသည်။ လူလတ်ပိုင်များမှာတော့ အိမ်သုံးပစ္စည်း၊ လယ်ယာသုံးပစ္စည်း၊ လက်ဆောင်ပစ္စည်းများအတွက် ပွဲဈေးတန်းလျှောက်ရင်း ရှာဖွေကြသည်။ သက်ရွယ်ကြီးများ လူကြီးများသည် ဘုရားဖူးလိုက် ရှေးမြန်မာမင်းတို့၏ မှတ်တမ်းမှတ်ရာများကို လေ့လာမှတ်သားလိုက်နှင့် အလုပ်ရှုပ်နေကြသည်။ မှတ်သားစရာများကလည်း ပေါများလှပေသည်။ မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးကို ချီးမွှော်လိုသည့် ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းမင်းကြီးသည် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အခွန်ရှည်ကြာ တည်တံ့စေလိုသည်ဖြစ်ရကာ ၄၅ ဝါကာလ ပတ်လုံး မြတ်ဘုရားဟောကြားတော်မူခဲ့သည့် ပိဋကတ်(၃)ပုံကို ကျောက်ချပ်ပေါင်း(၇၂၉)ချပ်ဖြင့် ကျောက်ထက်အက္ခရာတင်ထားသည်ကို လေ့လာတွေ့ရှိရသည်။ ထိုကျောက်ချပ်များကို မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားတွင် ကျောက်စာချပ်တစ်ခုလျှင် ဓမ္မစေတီတစ်ဆူအဖြစ် တွေ့မြင်ရသည်။

ထိုကုသိုလ်တော်ဘုရားဝင်းအတွင်း တောင်(၁၅၀)မိုလ် မိုးဇြစ်ကဲ့ မင်းကြီးမဟာမင်းလှမင်းခေါင်သီဟသူက ၁၂၅၄ ခုနှစ်တွင် စိုက်ပျိုးထားခဲ့သော ခရေပင်များသည်လည်း ဘုရားပွဲတော်နှင့်လိုက်ဖက်ညီစွာ ဘုရားဖူးလာသူများကို အရိပ်ပေး၍ စိတ်ဘဝင်အေးမြကြည်လင်စေသည်။ ထို့အပြင် စန္ဒာမုနိစေတီတော်အတွင်း၌လည်း ရသေ့ကြီးဦးခန္ဓိ စီစဉ်ထုဆစ်တည်ထားခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာများ၏ အဋ္ဌကထာ၊ ဋီကာ ကျောက်စာချပ်ရေ(၁၇၇၄)ချပ်ကိုလည်း လေ့လာမှတ်သားနိုင်ပေသည်။

ဘုရားပွဲတော်ကြီးမှ အိမ်သို့ပြန်ကြမည့်နေ့ နံနက်ပိုင်းတွင် ပြင်ဆင်သူကပြင်ဆင်၊ ဝယ်သူကဝယ်နှင့် အလုပ်ရှုပ်နေကြစဉ် ကလေးသူငယ်များကတော့ မန္တလေးတောင်ပေါ်တက်လိုက်၊ ပွဲဈေးတန်းလျှောက်လိုက်နှင့် နှစ်စဉ်ထာဝရ မရိုးမအိနိုင်ကြပါ။ စိတ်ချမ်းမြေ့ပျော်ရွှင်ဖွယ်ကောင်းသည့် ဤဘုရားပွဲတော်ကြီးသည် ယခုဆိုလျှင် (၁၃၈)ကြိမ်သို့ပင် တိုင်ခဲ့ချေပြီ ဖြစ်သည်။

အချို့ဆိုရသော် ယခုအခါ အသက်အရွယ်ရသည်နှင့်အမျှ ဇရာပေါ်မကျော်နိုင်လေတော့ ငယ်ရွယ်စဉ်ကလောက် လွတ်လပ်စွာ ပျော်ရွှင်ခဲ့ရသည့်အရသာ ဝေဖြာနိုင်တော့မည်မဟုတ်ပေ။ လူကြီးပီပီ ဣန္ဒြေရရ ငယ်ရွယ်စဉ်ကပျော်ရွှင်ခဲ့ရသည့်ဘဝ စိတ်မှာတွေးဆတမ်းတမှန်းဆရင်း ပျော်ရွှင်ရပေတော့မည်။

ငယ်ရွယ်နုမျိုစဉ် ထိုတစ်ခေတ် ဘယ်လိုပဲဖြစ်ဖြစ် ပွဲတော်ဖြစ်သည့် နှစ်စဉ်နှစ်တိုင်း သတိတရလွမ်းတနေရဦးမည့် ပွဲတော်ပါတကား။

မန်းမြေမှ ပန်းသပြေ

လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းကျင်းပ

ကာလိ အောက်တိုဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိမြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ယမန်နေ့ ညနေပိုင်းက စာရေးဆရာ မောင်ခင်မင်(ခနဖြူ) ရေးသားထားသော 'အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ' စာအုပ်ဖြင့် စာပေချစ်မြတ်နိုးသူများအသင်း (Youth Club) အဖွဲ့ဝင်များ စာဖတ်ဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ ကာလိမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူအောင်က 'အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ' စာအုပ်ဖြင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး 'အမွေခံတစ်ယောက် အမွေပေးသူ တစ်ရာ' ခေါင်းစဉ်ကို လည်းကောင်း၊ မောင်အောင်အောင်က 'ပညာတတ်ဖို့ စာဖတ်ရမည်' ခေါင်းစဉ်ကို လည်းကောင်း၊ မသင်းယုမွန်က 'ခေတ်နှင့်အညီ ဘာသာရပ်ဖွံ့ဖြိုးရေး' ခေါင်းစဉ်ကို လည်းကောင်း၊ မောင်ကျော်လင်းသန့်က 'လူငယ်များအတွက်ဇာတက' ခေါင်းစဉ်ကို လည်းကောင်း စာပေချစ်မြတ်နိုးသူအသင်း (Youth Club) အဖွဲ့ဝင်များဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ကာလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက နိဂုံးချုပ်ဆွေးနွေးရာတွင် လူငယ်များအနေဖြင့် ရိုးသားဖြောင့်မတ် သတ္တိရှိပြီး အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်စေရန်၊ စာဖတ်ရှိန်မြင့်မားလာစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ စာအုပ်၊ စာပေများကို ဖတ်ရှုလေ့လာပြီး စာပေမှ ရရှိသော အသိပညာဗဟုသုတများ တိုးပွားလာစေရန် စာဖတ်ဝိုင်းများ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



ကြိုတင်ကာကွယ် အယ်လ်နီညိုအန္တရာယ်အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

တောင်တွင်းကြီး အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး၊ မြို့နယ် ပြည်သူ့စာကြည့်တိုက် မကွေးခရိုင်၊ တောင်တွင်းကြီး တွင် ကြိုတင်ကာကွယ်အယ်လ်နီညို အန္တရာယ်အသိပညာပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။



ရှေးဦးစွာ အသိပညာပေး ဆွေးနွေးပွဲ (Talk Show) တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်မိုမိုဇင်တို့က အယ်လ်နီညို ရာသီဥတုဖြစ်စဉ်အကြောင်း၊ ဘေးအန္တရာယ်အမျိုးအစားအလိုက် ကြိုတင်ကာကွယ်လုပ်ဆောင်ရမည့်အချက်များ၊ အယ်လ်နီညိုနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အမျိုးအစား၊ အယ်လ်နီညို(ရဲ့)နောက်ဆက်တွဲပြဿနာတွေကို လျှော့ချနိုင်ရန် လုပ်ဆောင်သင့်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ ကြိုတင်ကာကွယ်အယ်လ်နီညိုအန္တရာယ်အသိပညာပေးဆွေးနွေးပွဲ (Talk Show)အပြည့်အစုံကို တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် page တွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နောင်နောင်(ဗိသနိုးမြေ)

အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်လံအသိပေးနှိုးဆော်

ကန့်ဘလူ အောက်တိုဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့တွင် ရပ်ကွက်နေပြည်သူများ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းက မြို့ပေါ်ရပ်ကွက်များအတွင်း လိုက်လံအသိပေးနှိုးဆော်ခဲ့သည်။



ထိုသို့ အသိပေးနှိုးဆော်ရာတွင် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများက ရပ်ကွက်နေပြည်သူများအနေဖြင့် အယ်လ်နီညိုရာသီဥတု၏ လက္ခဏာများ၊ အပူဒဏ်ကာကွယ်ရေးနည်းလမ်းများ၊ မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာကြရန်၊ စိုက်ပျိုးရေးလုပ်ငန်းများ ရေသုံးစွဲမှုကို စနစ်တကျစီမံဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ် အထူးပြုကြရန်နှင့် လိုအပ်သော ပစ္စည်းများ စုဆောင်းထားရှိကြရန်၊ အပူဒဏ်ကာကွယ်ရန် အတွက် ကျန်းမာရေးဦးစီးဌာန၏ အသိပေးထုတ်ပြန်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ကြရန် ရပ်ကွက်များအတွင်း အသံချဲစက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အောင်ဝင်းမြိမ်း(ကန့်ဘလူ)

အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ



စောင့်ရှောက်စေလို၊ သက်ကြီးရွယ်အို

* သက်ကြီးရွယ်အို အဘိုးအဘာ
စောင့်ရှောက်ကြ တို့တစ်တွေ ။
နွေးထွေးစွာပြုစု
ဂရုမြဲ ကူညီလေ ။
အရွယ်လွန် ဇရာညောင်း
စိတ်ထောင်းလို့ ကိုယ်ကြေ ။
ပစ်ပယ်ကာ အထီးကျန်မှု
ဖိစီးကာနေ ။
* ယဉ်ကျေးမှု ထုံးတမ်းများ
ဘိုးဘွားတို့ ဓလေ့မွေ ။
ပစ္စုပ္ပန် ဘဝလမ်းတွက်
မှီငြမ်းဖို့ အဘိဓာန်တွေ ။
အတိတ်ကို အမွေပေးခဲ့
သွေးသားတို့ စီးဆင်းနေ ။
အနာဂတ်ကို လျှောက်လှမ်းဖို့
ပန်းတိုင်ကို လမ်းညွှန်စေ ။
အတွေ့အကြုံများ ကြွယ်ဝ
သုတတို့ စုံလင်ဝေ ။
သက်ကြီးရွယ်အို ဆိုစကား
မှတ်သားထိုက်ပေ ။
* ကျေးဇူးကြွေး တင်ရှိနေ
တို့တစ်တွေ မေ့မထားနဲ့
ကြီးမားပေ ဂုဏ်အင်အား
ဦးထိပ်တင် ပန်ဆင်ထားလို့
အဘိုးအဘွား ရွယ်အိုများကို
(အိုကွယ်)
ကြင်နာလေးစား ။ ။

ဦးဇခ



✣ စာမျက်နှာ ၂၄ မှ

ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။


AA အကြမ်းဖက်အဖွဲ့နှင့် CDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့အား ဆက်သွယ်ထားသော ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိသည့် ကျင်ဒွေးမြို့ရှိ မြို့လုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ အင်အား အလုံးအရင်းအသုံးပြုကာ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မြို့အား ယာယီစိုးမိုးကာ အဖျက်အမှောင့်လုပ်ရပ်များကို ဥပဒေမဲ့ကျူးလွန်ခဲ့ကြသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပါအဝင် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ နေအိမ်အဆောက်အအုံများ၊ ပစ္စည်းဥစ္စာများကို စွန့်လွှတ်၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အဆိုပါ ကျင်ဒွေးမြို့အား ယာယီစိုးမိုးထားစဉ်အတွင်း မြို့တွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများအတွင်း ယာယီခံစစ်စခန်းများ ပြုလုပ်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံပြည်သူများ၏နေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ အဖိုးတန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် အသုံးအဆောင်ပစ္စည်းများအား အတင်းအဓမ္မ ယူဆောင်ခြင်း၊ ကျင်ဒွေးမှတစ်ဆင့် လွိင်ဒုတ်-လောင်းရှည် ဆက်သွယ်ရေးလမ်းကြောင်း တစ်လျှောက်ရှိ ကျေးရွာများတွင် ဝင်ရောက်နေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လမ်း/တံတားများ ဖောက်ခွဲဖျက်ဆီးခြင်း၊ အခိုင်အမာ ခံစစ်စခန်းများ တည်ဆောက်ခြင်းများ အပြင် အဆိုပါလမ်းကြောင်း တစ်လျှောက်တွင် မိုင်းထောင်ခြင်း၊ လမ်းကြောင်းခွံ သွားလာလျက်ရှိသည့် မော်တော်ယာဉ်များထံမှ ဆက်ကြေး ကောက်ခံခြင်း၊ အပြစ်မဲ့ခရီးသွား ပြည်သူများအား ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည့် အတွက် ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များ အနေဖြင့် ဖြတ်သန်းသွားလာရန် ကန့်သတ်ချက်များကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှု ရပ်တန့်ခဲ့ရပြီး ကုန်ဈေးနှုန်း အဆမတန်ကြီးမြင့်ခြင်းများဖြစ်ပေါ်ခဲ့ကာ ဒေသခံတိုင်းရင်းသား ပြည်သူများမှာ စားဝတ်နေရေးအတွက် ဒုက္ခကြီးစွာ ခံစားရလျက်ရှိပြီး ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားဘဝများ အဘက်ဘက်မှများစွာနှိမ့်ကျလျက်ရှိသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူများ လုံခြုံစိတ်ချရသည့် လူမှုစီးပွားဘဝများဖြင့် လုပ်ကိုင်နေထိုင်နိုင်ရေးတို့အတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထိန်းချုပ်ထားသည့် လောင်းရှည်- လွိင်ဒုတ်-ကျင်ဒွေး လမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်နိုင်ရန် လောင်းရှည်တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အသက်ကို ပဓာနမထား၍ ရင်ကို မြောက်တုတ်လုပ်၍ အခက်အခဲများ ကြားမှရဲရဲစွန့်စားစွာဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ စက်တင်ဘာလ ၂၄ ရက်တွင် ပွင့်-၆၁၀ တောင်ကုန်းအား လည်းကောင်း၊ စက်တင်ဘာလ ၂၅ ရက်တွင် ပွင့်-၆၁၀ တောင်ကုန်းအား လည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်တွင် ပွင့်-၉၃၄ တောင်ကုန်းနှင့် ဆွဲလွဲကျင်းကျေးရွာအား လည်းကောင်း၊ စက်တင်ဘာလ ၂၉ ရက်တွင် ပွင့်-၁၀၅၉ တောင်ကုန်းအား လည်းကောင်း၊ အောက်တိုဘာလ ၄ ရက်တွင် မဆွာတွီကျေးရွာအား လည်းကောင်း၊ အောက်တိုဘာလ ၈ ရက်တွင် ပွင့်-၁၂၇၆ တောင်ကုန်းအား လည်းကောင်း၊ အောက်တိုဘာလ ၂၀ ရက်တွင် ကျင်ဒွေးမြို့၏အရှေ့မြောက်ဘက် မီတာ ၁၂၀၀၀ ခန့်အကွာ ပွင့်-၆၁၀ တောင်ကုန်းအား လည်းကောင်း၊ စက်တင်ဘာလ ၂၅ ရက်တွင် ပွင့်-၆၁၀ တောင်ကုန်းအား လည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်တွင် ပွင့်-၉၃၄ တောင်ကုန်းနှင့် ဆွဲလွဲကျင်းကျေးရွာအား လည်းကောင်း၊ စက်တင်ဘာလ ၂၉ ရက်တွင် ပွင့်-၁၀၅၉ တောင်ကုန်းအား လည်းကောင်း၊ အောက်တိုဘာလ ၄ ရက်တွင် မဆွာတွီကျေးရွာအား လည်းကောင်း၊ အောက်တိုဘာလ ၈ ရက်တွင် ပွင့်-၁၂၇၆ တောင်ကုန်းအား လည်းကောင်း၊ အောက်တိုဘာလ ၂၀ ရက်တွင် ကျင်ဒွေးမြို့၏အရှေ့မြောက်ဘက် မီတာ ၁၂၀၀၀ ခန့်အကွာ ပွင့်-၆၁၀ တောင်ကုန်းအား လည်းကောင်း၊ ၁၇၃၂ အနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်းနေရာအား လည်းကောင်း အဆင့်ဆင့်ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပြီး ယနေ့အောက်တိုဘာလ ၂၁ ရက်တွင် လွိင်ဒုတ်ကျေးရွာအား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းပေါ်ရှိ ကျေးရွာများနှင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အခြေပြုနေရာများအား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထား ဘဲ ရွပ်ရွပ်ခွာခွာ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ထိတွေ့မှု စုစုပေါင်း ၂၆ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူထံမှ အလောင်း၁၁ လောင်း၊ လက်နက်မျိုးစုံ ၁၂ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြု အရေးပါသည့် လောင်းရှည်- လွိင်ဒုတ်-ကျင်ဒွေး ဆက်သွယ်ရေးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် အခြေခံအဆောက်အအုံများ၊ လမ်း/တံတားများ ပြန်လည်ပြုပြင်ပေးခြင်း လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဌာနအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ၁၀၀



တပ်မတော်စစ်ကြောင်းများက လောင်းရှည်-လွိင်ဒုတ်- ကျင်ဒွေး လမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးကာ စစ်စခန်းအဖြစ် အသုံးပြု၍ ခိုအောင်းနေထိုင်နေသည့် ကျေးရွာများနှင့် စခန်းကုန်းနေရာများအား သိမ်းပိုက်ရရှိမှု ဖြစ်စဉ်ပြပုံ။

အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့်ဆက်စပ်ပစ္စည်းများ



ပွင့် ၁၂၇၆ တောင်ကုန်းမှ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့်ဆက်စပ်ပစ္စည်းများ

အကြမ်းဖက်သောင်းကျန်းသူများက လောင်းရှည်-လွိင်ဒုတ်-ကျင်ဒွေး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်နေရာများတွင် ဘန်ကာများ၊ ပစ်ကျင်းများ၊ ခံစစ်ကျင်းများတူး၍ စစ်စခန်းအဖြစ် အသုံးပြုထားပုံ



အကြမ်းဖက်သောင်းကျန်းသူများက ဆွဲလွဲကျင်းကျေးရွာရှိ စာသင်ကျောင်းတွင် ခံစစ်ကျင်းများ၊ ဘန်ကာများ ပြုလုပ်၍ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ပွင့် ၅၆၇ တောင်ကုန်းတွင် ပစ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများတူး၍ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။

အယ်လ်နီညိရာသီဥတုကာကွယ်ရေးဆိုင်ရာအသိပညာပေးဟောပြော

မြို့သစ် အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် အယ်လ်နီညိရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေး အတွက် အယ်လ်နီညိရာသီဥတု ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့လုလင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ဝင်းအိဖြန်က အယ်လ်နီညိရာသီဥတုဖြစ်ပေါ်လာပုံ၊ အယ်လ်နီညိရာသီဥတုကြောင့် လူ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် များစွာထိခိုက်ဆုံးရှုံးနိုင်မည်ဖြစ်ကြောင်း၊ အယ်လ်နီညိရာသီဥတုကြောင့် အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် မိုးရွာသွန်းမှုမမှန်ခြင်းများဖြစ်ပေါ်နိုင်ကြောင်း၊ သောက်ရေသုံးရေ ရှားပါးခြင်းနှင့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများဖြစ်ပေါ်နိုင်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အယ်လ်နီညိ ရာသီဥတုကာလတွင် ကျန်းမာရေးဆိုင်ရာသတိပေးချက်များအတိုင်း နေထိုင်သင့်ကြောင်း အသိပညာပေးပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မြဝတီ၊ ငွေတာရီ၊ သုတအလင်း၊ နိုင်ငံဂုဏ်ရည် အစရှိသည့် ဗဟုသုတဖြစ်စေမည့် အသိပညာပေး စာအုပ်၊ စာစောင်များ ကို လေ့လာဖတ်ရှုစေခဲ့ကြောင်း သိရသည်။

ဝင်းအိဖြန်(ပြန်/ဆက်)



✻ နိုဝင်ဘာလမှ
အကြံပြုချက်

အဆိုပါ အယ်လ်နီညိဖြစ်စဉ်ကြောင့် လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလှောင်တာမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက် မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ပါရန် အကြံပြုထားသည်။

မိုး/ဇလ

လဲချားမြို့နယ် ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား သုံဦးအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ထိထိရောက်ရောက်ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက စုံစမ်းရှာဖွေဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၄၀ မိနစ်ခန့်တွင် လဲချားမြို့၏ အရှေ့တောင်ဘက် မိတာ ၃၀၀၀၀ ခန့်အကွာ ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ၃၀ ပေ၊ အနံ ၁၅ ပေရှိ ယာယီအလုပ်ရုံတဲ့ ၁ လုံး၊ အလျား ၄၀ ပေ အနံ ၁၅ ပေရှိ ယာယီလူနေတဲကြီး ၁ လုံး၊ အလျား ၂၀ ပေ အနံ ၁၅ ပေရှိ ယာယီလူနေတဲ(အသေး) ၁ လုံးနှင့် ယာယီထမင်းချက်ဆောင် ၁ လုံး၊ Star Link ၃ လုံး၊ Laptop ၈ လုံး၊ Power Station ၄ လုံး၊ ဖုန်းမျိုးစုံ ၂၀ လုံး၊ Network လိုင်းခွဲစက် ၇ လုံး၊ Network Router ၃ လုံး၊ မီးစက်(အကြီး) ၁ လုံး၊ ပလတ်စတစ်ထိုင်ခုံ ၃၀ လုံး၊ ခေါက်စားပွဲ ၄ လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာတစ်ဝိုက်အား ဆက်လက်ရှင်းလင်းရာ တရုတ်နိုင်ငံသား အမျိုးသား သုံဦးတို့အား ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါအွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လဲချားမြို့နယ်၊ ဟိုပုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြပုံ။





လဲချားမြို့နယ်၊ ဟိုပုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိမှု။



လဲချားမြို့နယ်၊ ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား သုံဦးအား ဖမ်းဆီးရမိစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံတစ်လုံးမှာ ယနေ့အထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ဖြိုချဖျက်ဆီး

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေး ကိုခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝ ပပျောက်သွားစေရေး အထူး အလေးထား နှိမ်နင်းဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

လူငယ်ရေးရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မိုင်းယောင်း အောက်တိုဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ အောက်တိုဘာ ၂၀ ရက်နံနက်ပိုင်းက "ပညာကို အချိန်မရွေး ရှာဖွေဆည်းပူးရမည်" ခေါင်းစဉ်ဖြင့် လူငယ်ရေးရာအသိပညာပေးဆွေးနွေးပွဲကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ကျွမ်းကျင်-၃(ရုပ်သံ) ဒေါ်နန်းစီဖောင်းတို့က ပညာသည် မိတ်ဆွေကောင်းဖြစ်ပြီး လူတိုင်းတွင် အကျိုးအပြစ်ကို ခွဲခြားနိုင်စွမ်းရှိရန်အတွက် ပညာရှိမှသာဖြစ်မည်၊ သို့မှသာ အကောင်း၊ အဆိုး၊ အမှား၊ အမှန်ကို ပိုင်းခြားဆင်ခြင်သိမြင်နိုင်မည်လည်းဖြစ်ကြောင်း၊ လောကနီတိတွင် "ဤလောကၼ် အတာ်ပညာသည် အဆွေခင်ပွန်းဖြစ်ကာ တမလွန်၌ ချမ်းသာကို ဆောင် တတ်၏"ဟု ဆိုထားကြောင်း၊ ယနေ့ခေတ်ကျောင်းသား လူငယ်များအနေဖြင့် ပညာပြည့်ဝနှင့်လုံလုံလျှုမျှားဖြစ်အောင် ကြိုးစားအား ထုတ်သင့်ကြောင်း စသည်များကို ဆွေးနွေးခဲ့သည်။

(၅၀၅)

o-o-o-o-o

o-o-o

Fashion Space ဆိုင်များနှင့်စပ်လျဉ်း၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂(အေ)လမ်း၊ ၄၁လမ်းနှင့် ၄၂လမ်းကြားတွင် နေထိုင်သူ ဒေါ်နဒီလှိုင်းဖြူ (ဘ)ဦးကျော်ဇံ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နဒီလှိုင်းဖြူသည် ယခင်က KZ 13 Fashion Space အမည်ဖြင့် Fashion ဆိုင် ဖွင့်လှစ်ခဲ့သော်လည်း ယခုအခါ Fashion Space အမည်ဖြင့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၅လမ်းနှင့် ၇၅လမ်းထောင့်တွင်လည်းကောင်း၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂လမ်း၊ ၁၀၉လမ်းနှင့် လမ်း ၁၁၀ကြားတွင်လည်းကောင်း ဆိုင်များအသီးသီးဖွင့်လှစ်ထားသည့်အပြင် အင်တာနက် လူမှုကွန်ရက်ဖြစ်သော TikTok Account တွင် Fashion Space, Fashion Space 62, Fashion Space Girl အမည်များဖြင့်လည်းကောင်း၊ Facebook Account တွင် Fashion Space အမည်ဖြင့်လည်းကောင်း၊ အဝတ်အထည်အမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းများကို လက်လီလက်ကား ဖြန့်ဖြူးရောင်းချနေသည်ကို အများပြည်သူ မိတ်ဟောင်း မိတ်သစ်များက တစ်ခဲနက်ဝယ်ယူအားပေးနေသော ကောင်းသောဂုဏ်သတင်းဖြင့် အဆိုပါဆိုင်များကို ဖွင့်လှစ်လုပ်ကိုင်နေသူ တစ်ဦးဖြစ်ပါသည်။ အများပြည်သူ မိတ်ဟောင်းမိတ်သစ်များ အလွယ်တကူ ငွေပေးချေနိုင်ရန်အတွက် K pay နံပါတ်ဖြစ်သော ၀၉-၉၆၂၉၀၃၅၅၀ကို **"နဒီလှိုင်းဖြူ"** အမည်ဖြင့် K pay Account ဖွင့်လှစ်ထားသူတစ်ဦးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ရှိစွာဖြင့် Facebook, Tik Tok နှင့် အခြားအင်တာနက်စာမျက်နှာများပေါ်တွင် မမှန်ကန်သော အကြောင်းအရာများ ရေးသားဆောင်ရွက်နေသည်များကို မြင်တွေ့ရှိရပါသည်။ ထို့ကြောင့် ဤကြေညာစာ သတင်းစာတွင်ပါရှိသည့်နေ့မှစ၍ ထို Account ပိုင်ရှင်များနှင့် အခြားဆက်စပ် Account ပိုင်ရှင်များအနေဖြင့် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာ ကျဆင်းစေရန်နှင့် မမှန်ကန်သောအကြောင်းအရာများကို ရေးသားခြင်းများ (လုံး၀) မပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ အကယ်၍ သတင်းအမှားများကို ဦးစီးဦးဆောင်ပြုလုပ်နေသည့် Account ပိုင်ရှင်များနှင့်တကွ အားပေးကူညီသူများကို စုံစမ်းရှာဖွေ ဖော်ထုတ်သွားမည်ဖြစ်ပြီး ယင်းသို့ လုပ်ဆောင်နေခြင်းအတွက် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာ နှင့် Fashion Space ဆိုင်များ၏ ဆုံးရှုံးနစ်နာမှု၊ ဂုဏ်သိက္ခာကျဆင်းမှုများအပေါ် ဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားပါရန် ကျွန်ုပ်တို့ရှေ့နေအဖွဲ့ကို လွှဲအပ်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နဒီလှိုင်းဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နန္ဒာမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၀၃၆)

ဒေါ်ချောစုမေ(စဉ်-၉၈၁၅)၊ ဒေါ်ဆုမွန်မွန်(စဉ်-၁၁၆၄၇)၊ ဦးကျော်ကျော်နိုင်(စဉ်-၁၅၃၈၇) (တရားလွှတ်တော်ရှေ့နေများ)

အမှတ်(၃-၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ရုံးခန်း ၀၉-၄၅၀၀၄၉၇၀၆၊ ၀၉-၂၀၃၅၈၅၅၊ ၀၉-၄၂၀၇၄၈၄၃။ Email: lawfirmmyanmar@gmail.com

ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ စစ်ဆေး

နောင်မွန် အောက်တိုဘာ ၂၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်နေပြည်သူများ တစ်ဝိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ရပ်ဘော့ကျေးရွာနှင့် တဆယ်ထူကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၁ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လာအလိုက် ဖြည့်သွင်းရမည့် စာရင်း၊ ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကို စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၆ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၈ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ၀ ဒသမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၀ ဦးကို အရင်း မပျောက်လည်ပတ်ရန် ပုံငွေကျပ် ၁၁ ဒသမ ၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးငေးထားပြီး မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

အောင်ရဲကျော်



ရောဝတီ-ယန်ဒီဂိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးပွဲတော်ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

မန္တလေး အောက်တိုဘာ ၂၁

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(မန္တလေး)ရုံးခွဲနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးတို့ ပူးပေါင်းကျင်းပမည့် ရောဝတီ-ယန်ဒီဂိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးပွဲတော်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်၊ ကမ်းနားလမ်း၊ ကြင်တော် ယန်ဘုရားကျောင်းရှိ အသင်းရုံးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(မန္တလေး)ရုံးခွဲဥက္ကဋ္ဌ ဦးကျော်မင်းက ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေး အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာသော အသင်းအဖွဲ့များ၊ စပွန်ဆာကုမ္ပဏီများက အကြံပြုဆွေးနွေးခဲ့ကြသည်။

ရောဝတီ-ယန်ဒီဂိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးပွဲတော်ကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံကုန်သည်ကြီးများအသင်းနှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ ဆိုင်ခန်းပေါင်း ၁၄၀ ကျော်ဖွင့် ပြည်တွင်းပြည်ပ ထုတ်ကုန်များအား မိတ်ဆက်ပြသရောင်းချမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

၀-၀-၀-၀-၀

အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြော

မန္တလေး အောက်တိုဘာ ၂၁

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့် အဖွဲ့ဝင်များက စုပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် ပြည်သူများ အပူဒဏ်မှ ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အောင်ပင်လယ်ရပ်ကွက်ရှိ ကြွက်ခဲဘုရားဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသူနာပြုဆရာမကြီး ဒေါ်နီနီဆွေနှင့် တာဝန်ရှိသူများက ခရမ်းလွန်ရောင်ခြည်အန္တရာယ်များအကြောင်း၊ အပူဒဏ်အန္တရာယ်များအကြောင်း၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် လက္ခဏာများနှင့် ကြိုတင်ကာကွယ်သတိပြု နေထိုင်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်းက အယ်လ်နီညိုအပူချိန်မြင့်တက်လာခြင်းကြောင့် မီးဘေးအန္တရာယ်များကိုပို၍ ဂရုစိုက်ရန်လိုအပ်ကြောင်း အသိပညာပေးရှင်းလင်းပြောကြားပြီး မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ရပ်ကွက်နေပြည်သူများထံ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အောင်ပင်လယ်ရပ်ကွက်နှင့် ထွန်တုံးရပ်ကွက်နေ ပြည်သူ ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အလင်းသစ်

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၇)၊ ဦးပိုင်အမှတ်(၇၁)၊ ၆ လမ်းနှင့် ၆၉လမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အားနိမိန့်(၉/မရတ(နိုင်)၁၀၅၉၀၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ညည-၁၀)၊ ဦးပိုင်အမှတ်(၆၃ခ စင်း)၊ ၆၀-B လမ်းနှင့် ၆၁လမ်းကြား၊ ၁၂၃လမ်းနှင့် ၁၂၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစန္ဓေ(၉/မနမ(နိုင်)၀၆၀၈၈၅)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၃-က)၊ ဦးပိုင်အမှတ်(၄၃)၊ ရန်-မန်းကားလမ်းအနောက်ဘက်၊ မေဆင်သိန်းလမ်းမြောက်ဘက်ရှိ မြေကွက်အား တောဂရန်အမှတ်တွဲအမှတ်(၆၂၉/RD-၉၂)အရ ဒေါ်လှတင် မှတ်ပုံတင်အမှတ် DI-၀၀၆၅၀၇ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးကျော်လှိုင်ထူး မှတ်ပုံတင်အမှတ်(၉/မနမ(နိုင်)၀၃၂၃၃၈)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ဘိုးဘဝိုင်းမြေကြော်ငြာစာ — **ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**

စဉ်	လျှောက်ထားသူ အမည်/မှတ်ပုံတင်	လျှောက်ထားသည့်မြေ လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	အမှုတွဲအမှတ်
၁။	ဒေါ်မာလာ(၉/မနမ(နိုင်)၀၂၇၆၇၇)	၉လမ်းနှင့်၁၀လမ်းကြား၊လမ်း၀၀နှင့်၀၁လမ်းကြား၊အမရဋ္ဌနိုအနောက်	ဒေါ်မာလာ(ပိ-၃)	အောင်မြေသာစံ	၃၀	(၄-ထ/၄)ဝဲစင်း	၀၁၉၉/ဘ၅၌(မြောင်း)/ ၂၀၂၆-၂၀၂၇
၂။	ဒေါ်ဖိုးမွန်ဖြူ(၉/ဘဆ(နိုင်)၀၁၄၅၅)	၃၂လမ်းနှင့်၃၃လမ်းကြား၊ရုလမ်းနှင့်၀၃လမ်းကြား၊အောင်နန်းရိပ်သာအရှေ့	ဒေါ်မာမာမြင့်	ချမ်းအေးသာစံ	၅၆၆	၂၀-၁+၂၉	၀၂၀၀/ဘ၅၌(မြောင်း)/ ၂၀၂၆-၂၀၂၇
၃။	ဦးမောင်မောင်ထိုက်(၉/မနမ(နိုင်)၀၉၃၀၀၄)၊ဒေါ်ဖိုဖိုအေး(၉/မရတ(နိုင်)၁၂၃၃၉၀)	၀၇လမ်း၊၁၃လမ်းနှင့်၁၄လမ်းကြား၊မြည်ပြိုကုန်လုံ	ဦးမြင့်ဝင်း(ပိ-၂)	အောင်မြေသာစံ	၆၃	၃-က	၀၂၀၁/ဘ၅၌(မြောင်း)/ ၂၀၂၆-၂၀၂၇
၄။	ဦးစင်းမိုင်(၉/မနမ(နိုင်)၀၆၆၀၀၄)၊ဒေါ်ဃယ်(၁)ဃယ်ကိုလေး(၉/မနမ(နိုင်)၁၂၃၃၉၀)	၀၃လမ်း၊၃၁လမ်းနှင့်၃၂လမ်းကြား၊အောင်နန်းရိပ်သာအရှေ့	ဦးဝင်းမိုင်(ပိ-၄)	ချမ်းအေးသာစံ	၅၈၂	၁၆	၀၂၀၂/ဘ၅၌(မြောင်း)/ ၂၀၂၆-၂၀၂၇
၅။	ဒေါ်ဆွေချင်း(၁)မရဲလဲဝင်း(၉/ဂညန(နိုင်)၀၉၃၄၃၉)	လမ်း၃နှင့်၄လမ်းကြား၊ရုလမ်းနှင့်၀၃လမ်းကြား၊ဟဘအောင်မြေအနောက်	ဒေါ်သဝင်းမိုမိုဝိုင်း(ပိ-၂)	ဟဘအောင်မြေ	၄၁၂	၇၅	၀၂၀၄/ဘ၅၌(မြောင်း)/ ၂၀၂၆-၂၀၂၇
၆။	ဦးသန်းထွေးအေး(၉/မနတ(နိုင်)၀၀၇၀၀၄)	၃၅လမ်းနှင့်၃၆လမ်းကြား၊ရုလမ်းနှင့်၀၃လမ်းကြား၊ဟဘအောင်မြေအနောက်	ဦးအောင်သန်း	ဟဘအောင်မြေ	၃၃၉	၃၀-၈	၀၂၀၃/ဘ၅၌(မြောင်း)/ ၂၀၂၆-၂၀၂၇
၇။	ဒေါ်နုနုမွှေး(၁၃)ရဲလဲဝင်း(၉/ဂညန(နိုင်)၀၉၃၄၃၉)	၁၀လမ်းလမ်းဆုံနှင့်၀၁လမ်းကြား၊ဟဘအောင်မြေအနောက်	ဒေါ်ဝေယာဝီ	ဟဘအောင်မြေ	၁၄၆	၇၉-၈	၀၂၀၅/ဘ၅၌(မြောင်း)/ ၂၀၂၆-၂၀၂၇
၈။	ဒေါ်ခိုင်ထီဝေဘက္ခာဝင်း(၉/မဟန(နိုင်)၀၀၇၇၇၉)	၀၂လမ်း၊၃၆လမ်းနှင့်၃၇လမ်းကြား၊ရတနာဘုံအရှေ့	ဦးကျော်ဝင်း(ပိ-၂)	ဟဘအောင်မြေ	၆၄၁	၇	၀၂၀၆/ဘ၅၌(မြောင်း)/ ၂၀၂၆-၂၀၂၇
၉။	ဒေါ်သဲဝင်းထွေး(၉/မနမ(နိုင်)၀၀၇၄၇၅)	၁၉လမ်းနှင့်လမ်းကြား၊ဝဲလမ်းဝဲနှင့်ညာလမ်းကြား၊ပုလဲဒွေရောင်	ဒေါ်လှလှမြင့်	အောင်မြေသာစံ	၁၃၇	၂၅-အ/၁၉	၀၂၀၇/ဘ၅၌(မြောင်း)/ ၂၀၂၆-၂၀၂၇
၁၀။	BILAL (၁)မိုးမိုင်(၉/အမဇ(ဧည်)၀၀၀၂၈၇)	၀၃လမ်း၊၂၁လမ်းနှင့်၂၂လမ်းကြား၊ပုလဲဒွေရောင်	ကိုဟံထွန်း(ပိ-၂)	အောင်မြေသာစံ	၁၅၈	၃၆-ဃ	၀၂၀၀/ဘ၅၌(မြောင်း)/ ၂၀၂၆-၂၀၂၇

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

မြေပုံ/မြေရာဇဝင်ရေးကူးခွင့် — **ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**

စဉ်	လျှောက်ထားသူ အမည်/မှတ်ပုံတင်	လျှောက်ထားသည့်မြေ လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးဒယိန်းအေစစ်(၉/မနမ(နိုင်)၀၉၂၂၇၇)၊ဦးဝင်းမိုင်(၉/မနမ(နိုင်)၀၉၂၂၉၀)	၂၅လမ်းနှင့် ၆လမ်းကြား၊ရထားလမ်းနှင့်ရထားလမ်းကြား၊ပြည်ကြီးကျောက်သဖန်းနောက်	အိတ်ဟိုင်း(၁)ဖျံညွန့်(၁)အောစံ	အောင်မြေသာစံ	၁၇၈	၄၄က+၄၄က	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၂။	ဒေါ်ဖေဇီ(၁)နီလာအေး(၉/မနတ(နိုင်)၀၉၀၃၀၇)၊ဒေါ်သီတာစန်း(၉/မနတ(နိုင်)၀၉၀၃၀၆)၊ ဦးမြင့်ကို(၉/မနတ(နိုင်)၀၉၀၃၀၇)၊ဦးဇော်ဇော်(၉/မနတ(နိုင်)၀၉၀၃၀၄)	၃၀လမ်းနှင့်၃၂လမ်းကြား၊၆၆လမ်းနှင့်၆၇လမ်းကြား၊ပါဇော်ကုန်းဟူသော်	ဦးကြည်(၁)ထေါင်ဟက္ခမိုး (ပိ-၂)	ချမ်းအေးသာစံ	၇၆၁	၁၃-က	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၃။	ဒေါ်ဖေဇီ(၁)နီလာအေး(၉/မနတ(နိုင်)၀၉၀၃၀၇)၊ဒေါ်သီတာစန်း(၉/မနတ(နိုင်)၀၉၀၃၀၆)၊ ဦးမြင့်ကို(၉/မနတ(နိုင်)၀၉၀၃၀၇)၊ဦးဇော်ဇော်(၉/မနတ(နိုင်)၀၉၀၃၀၄)	၀၇လမ်း၊ ၆လမ်းနှင့် ၇လမ်းကြား၊သီရိဟောအရှေ့	ဦးကြည်(၁)ထေါင်ဟက္ခမိုး (ပိ-၂)	ချမ်းအေးသာစံ	၂၄၃	၄၁+၅	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၄။	ဦးမိန်းဖောင်(၉/မရတ(နိုင်)၀၃၀၉၀၅)၊ဒေါ်ဃည်ယုံမြို့(၉/မရတ(နိုင်)၀၃၀၉၀၈)၊ ဒေါ်သန်းသန်းနု(၉/မရတ(နိုင်)၀၄၁၀၀၄)၊ဒေါ်ဝင်းဝင်းဆိုး(၉/မရတ(နိုင်)၀၄၂၂၄၆)၊ ဦးဆင်တင်ဦး(၉/မနတ(နိုင်)၀၉၁၀၂၅)၊ဦးမိုးမိုးဦး(၉/မရတ(နိုင်)၁၁၀၉၃၀)၊ ဒေါ်သန်းသန်းစိန်(၉/မဟန(နိုင်)၀၁၀၅၅၅)၊ဦးသီဟဖောင်(၉/မဟန(နိုင်)၀၂၇၄၉၃)	၀၃လမ်း၊၃၉လမ်းနှင့်၄၀လမ်းကြား၊ရတနာဘုံအရှေ့	ဒေါ်ဖွားမြို့	ဟဘအောင်မြေ	၇၅၀	ယခင်-၆၊ယခု-၄	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၅။	ဒေါ်စိုစိုနွင်း(၉/မနမ(နိုင်)၀၀၄၀၂)၊ဦးအောင်သက်စိုး(၉/မနမ(နိုင်)၀၉၂၀၂၀) ဒေါ်ဟလာစိန်း(၉/၁၀၈(နိုင်)၀၀၀၃၁)၊ဒေါ်သီတာစိုး(၉/၁၀၈(နိုင်)၀၀၃၆၈)	၁၀၆လမ်းနှင့်၁၀၇လမ်းကြား၊၅၄လမ်းနှင့်၅၅လမ်းကြား၊အောင်ပင်လယ်	ဦးမြင့်မောင်	ချမ်းမြေသာစည်	၁၁၀-၆	၄၀-၁	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၆။	ဒေါ်ဇာတ်ဝင်းအေး(၁၀/ဝန(နိုင်)၀၁၀၄၆၆)	၆၇လမ်းနှင့်၆၈လမ်းကြား၊၁၀၅လမ်းနှင့်၁၀၆လမ်းကြား၊မြို့သစ်-၁	ဝိုလ်မှူးကြီးသန်းဝို	ချမ်းမြေသာစည်	F	၁၀	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၇။	ဒေါ်ဝင်း(၉/အဂန(နိုင်)၀၃၄၉၉၀)	၆၇လမ်းနှင့်၆၈လမ်းကြား၊၁၃၉လမ်းနှင့်လမ်း၁၂၅ကြား၊(၀)	ဦးမြင့်ဆွေ(၃)	ပြည်ကြီးဈေးနှစ်	၁၈-၁၆	၁၃၄	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၈။	ဒေါ်ဇာတ်ဝင်းငြေ(၉/အဂန(နိုင်)၀၀၆၅၇၄)	၆၂လမ်းနှင့်၆၃လမ်းကြား၊၁၂၉လမ်းနှင့်၁၃၀လမ်းကြား၊(ဃ)	ဦးကျော်(၁)ဦးကျော်မြင့်	ပြည်ကြီးဈေးနှစ်	၁၁-၁၂	၅	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ဂရန်မြေကြော်ငြာစာ — **ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**

စဉ်	လျှောက်ထားသူ အမည်/မှတ်ပုံတင်	လျှောက်ထားသည့်မြေ လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	လျှောက်ထားသည့် အကြောင်းအရာ	အမှုတွဲအမှတ်
၁။	ဒေါ်သင်းသင်းအေး(၉/သဃက(နိုင်)၀၃၀၇၄၆)	လမ်း၃၀၊လမ်း၃၄နှင့်၃၅လမ်းကြား၊မြည်ပြီကြီးမျိုတွယ်အရှေ့	ဒေါ်သင်းသင်းအေး	ချမ်းအေးသာစံ	၂၄၄	၇	သက်တမ်းတိုး	၃၀၀၅/ ၂၀၂၆-၂၀၂၇
၂။	ဒေါ်မြန်မာ်(၉/ဃသန(နိုင်)၀၀၃၀၀၆)	၃၃လမ်းနှင့်၃၆လမ်းကြား၊၆၉လမ်းနှင့်လမ်း၀၇၀ကြား၊ဟဘနွယ်စုံ	ဒေါ်မြန်မာ်ဂျီ	ဟဘအောင်မြေ	၄၁၀-က/အိုင်း-၅	$\frac{3}{5}$ / ၂၉	သက်တမ်းတိုး	၃၀၀၅/ ၂၀၂၆-၂၀၂၇
၃။	ဒေါ်အားအင့်(၁၃/နမတ(နိုင်)၀၂၇၇၄၈)	၅၆လမ်း၊၄၁လမ်းနှင့်၄၂လမ်းကြား၊ခဲမွန်တောင်	ဝိုလ်မှူးသတိုးအောင်	ဟဘအောင်မြေ	၆-၁၃၃	၂၄	သက်တမ်းတိုး၊အမည်ပြောင်း	၃၀၀၆/ ၂၀၂၆-၂၀၂၇
၄။	ဦးမြတ်ဆင်နောင်(၉/မနတ(နိုင်)၀၆၁၉၃၁)၊ဦးကျိုင်ထွေး(၉/မနတ(နိုင်)၀၆၁၉၃၄)	လမ်း၃၀၊လမ်း၃၄နှင့်၃၅လမ်းကြား၊စဉ်မှန်း	ဦးစန်းလွင်(ပိ-၂)	ဟဘအောင်မြေ	၃၆၂	၂၂-က	သက်တမ်းတိုး၊အမည်ပြောင်း	၃၀၀၇/ ၂၀၂၆-၂၀၂၇
၅။	ဒေါ်ဝိဝိဝေး(၉/မရမ(နိုင်)၀၁၆၀၃၃)	၅၈လမ်းနှင့်၅၉လမ်းကြား၊၁၀၃လမ်းနှင့်၁၀၄လမ်းကြား၊ကံသာယာ	ဒေါ်သန်းအောင်ဦး	ချမ်းမြေသာစည်	၀-၂	၆၁	အမည်ပြောင်း	၃၀၀၄/ ၂၀၂၆-၂၀၂၇
၆။	ဦးမောင်မောင်လွင်(၉/မရတ(နိုင်)၀၁၃၀၀၃)၊ဦးအောင်မိုင်ဝင်း(၉/၁၀၈(နိုင်)၀၀၃၀၀၁) ဒေါ်သီတာအေး(၉/၁၀၈(နိုင်)၀၀၀၃၀၀)	၅၂လမ်းနှင့်၅၃လမ်းကြား၊၁၀၅လမ်းနှင့်၁၀၆လမ်းကြား၊အောင်ပင်လယ်	ဦးမောင်မောင်အေး	ချမ်းမြေသာစည်	၈၀-၀	၁၀-၁	တောမြို့ပြပြောင်း၊သက်တမ်းတိုး၊ အမည်ပြောင်း	၃၀၀၈/ ၂၀၂၆-၂၀၂၇
၇။	ဦးလှမြင့်(၉/မနတ(နိုင်)၀၀၆၆၀)	၅၂လမ်းနှင့်၅၃လမ်းကြား၊၂၂လမ်းနှင့်၂၃လမ်းကြား၊(ဇ)	ဦးလှမြင့်	ပြည်ကြီးဈေးနှစ်	၀၀၀-၃၂	၄၃	သက်တမ်းတိုး	၃၀၀၃/ ၂၀၂၆-၂၀၂၇
၈။	ဒေါ်ချမ်းမိုးမြို့(၁၁)ချိုချိုထွန်း(၁၁/စတန(နိုင်)၀၀၀ ၂၀၂)	၆၀(ဘီ)လမ်းနှင့်၆၁လမ်းကြား၊၁၅၅လမ်းနှင့်၁၅၆လမ်းကြား၊(စ)	ဟကကဆင်မောင်	ပြည်ကြီးဈေးနှစ်	၀၀၀-၀	၅၀	တောမြို့ပြပြောင်း၊သက်တမ်းတိုး၊အမည်ပြောင်း	၃၀၀၉/ ၂၀၂၆-၂၀၂၇
၉။	ဦးမိန်းဝင်း(၉/နဃက(နိုင်)၀၀၇၃၀၃)	၆၁လမ်းနှင့်၆၂လမ်းကြား၊၁၀၅လမ်းနှင့်၁၀၆လမ်းကြား၊(ဃ)	ဦးစန်းကျော်	ပြည်ကြီးဈေးနှစ်	၁၁-၁၂	၅၀	တောမြို့ပြပြောင်း၊သက်တမ်းတိုး၊အမည်ပြောင်း	၃၀၁၀/ ၂၀၂၆-၂၀၂၇
၁၀။	ဒေါ်သိတာဝင်း(၉/မရမ(နိုင်)၀၇၀၆၀၂)	၆၁လမ်းနှင့်၆၂လမ်းကြား၊သာယာဝတီမင်းကြီးလမ်းနှင့်ပျဉ်စောထီးလမ်းကြား၊(ဃ)	ဒေါ်သိတာဝင်း	ပြည်ကြီးဈေးနှစ်	၁၁-၁၂	၁၃၀	တောမြို့ပြပြောင်း၊သက်တမ်းတိုး	၃၀၁၃/ ၂၀၂၆-၂၀၂၇
၁၁။	ဒေါ်ဆုထေထိုက်(၉/ဘအဝ(နိုင်)၀၃၇၃၀၈)	၇၃လမ်းနှင့်၇၄လမ်းကြား၊၁၁၂လမ်းနှင့်၁၁၃လမ်းကြား၊ခဲမွန်မြေသာစံ	ဦးအေးကျော်	ပြည်ကြီးဈေးနှစ်	၆၁-၁	၁၃၄	အမည်ပြောင်း	၃၀၁၂/ ၂၀၂၆-၂၀၂၇
၁၂။	ဒေါ်နုနုအေး(၁၂/အန(နိုင်)၀၀၀၆၇၉)	၆၇လမ်းနှင့်ထုံဘို-မြစိပယ်လမ်းထောင့်၊အောက်ဆောဝ	ဒေါ်နုနုအေး	အမရပုရ	၅၀၀-K	၁၉+၁၀-၈+၁၀+၃+ ၁၉-၈+၁၉-၃+၂၀-၈+၂၀-၃+၂+၂၂	ထိပ်းစည်ကုန်	၃၀၅၉/ ၂၀၂၆-၂၀၂၇
၁၃။	ဒေါ်သစ်သစ်ဇော်(၉/အမရ(နိုင်)၀၁၀၃၃၂)၊ဒေါ်စုစုဇော်(၉/အမရ(နိုင်)၀၀၃၉၉၅)၊ ဒေါ်မွန်မွန်စန်း(၉/အမရ(နိုင်)၀၉၆၉၉၂)၊ ဒေါ်ကြည်ချစ်မြဲ(၉/အမရ(နိုင်)၀၀၇၃၉၀)	တပုတ်ထိုးမြောင်းတောင်ဘက်၊ရန်-မန်းကားလမ်းမချက်နှာပြုစောတိုးပြိုပြိုကြီး	ဒေါ်ဇာတ်တင်လှ	အမရပုရ	၆၂၃	၁၀+၁၉	သက်တမ်းတိုး၊အမည်ပြောင်း	၃၀၅၆/ ၂၀၂၆-၂၀၂၇

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

အမျှားသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၉၇)၊ ဦးပိုင်အမှတ်(၃-၁၁)၊ ဧရိယာ(၀ ဒသမ ၀၂၀၅)ဧကနှင့် ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၀ ဒသမ ၀၆)ဧက အကျယ်အဝန်းရှိ ဒေါ်ညွှန့်(ပါ-၄)ဦး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံကာ တရားဝင် လက်ရှိလက်ရောက် ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သော (၁)ဒေါ်တင်ဌေး(ဘ)ဦးဘရှိန်(၉/မရတ(နိုင်)၀၁၄၁၉၆)၊ (၂)ဒေါ်ခင်မျိုးဆန်း(ဘ)ဦးမောင်ဆန်း(၁၃/ရင်ခ(နိုင်)၀၄၉၂၆၇)၊ (၃)ဒေါ်ခင်ဝါဝါအောင်(ဘ)ဦးအောင်ကျော်ဦး(၉/မဟမ(နိုင်)၀၃၁၂၁၁)၊ (၄)ဦးသက်သိဦး(ဘ)ဦးအောင်ကျော်ဦး(၉/မဟမ(နိုင်)၀၈၀၈၃၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမင်းထက်(LL.B) တရားလွှတ်တော်ရှေ့နေ

၇၄လမ်း၊၃၂လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ➤ ၀၉-၂၀၅၆၈၅၆၊ ၀၉-၆၈၉၄၅၆၈၅၆

အမျှားသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(၃ယျာဉ်တန်း-က)၊ ဦးပိုင်အမှတ်(၁၃-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်မြမို့ အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ဂရန်မြေကွက်နှင့် ပတ်သက်သည့် ဒေါ်တင်ညွှန့်၊ စန်းစန်းအေး အမည်ပါ ငွေရေပြစာမူရင်းနှင့် ကျမ်းကျိန်ချက်အမှတ်(၈၆၀/၂၀၁၄)မူရင်းတို့မှာ ဒေါ်ဝင်းယုဆွေနှင့် ဦးနန္ဒခေါင်းဝင်းတို့၏လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူများ-

ဒေါ်ဝင်းယုဆွေ၊ ဦးနန္ဒာခေါင်းဝင်း

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နိုင်မိုမိုအေး(LL.B, LL.M)

တရားလွှတ်တော်ရှေ့နေ

၇၃လမ်း၊ ၃၉(အေ)လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ➤ ၀၉-၇၉၅၂၀၇၇၈၂

အမျှားသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အနောက်၊ အကွက်(၃၈၄)၊ အရာတော်ရပ်ကွက်၊ ဦးပိုင်အမှတ်(၁၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၇၂၃)ဧက အကျယ်အဝန်းရှိ ဒေါ်စိန်ကြည် အမည်ပေါက် ပိုင်ဆိုင်သော ဂရန်မြေကွက်အတွင်းမှ အရှေ့တောင်ဘက်ခြမ်း မျက်နှာစာ(၁၅ ပေ)၊ အရှေ့အနောက်(၆၀ ပေ)ရှိသော အကျယ်အဝန်းမြေကွက် အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် အမည်ပေါက် လက်ရှိပိုင်ဆိုင်အသုံးပြုလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်စိန်ကြည်(ဘ)ဦးမြင့်(၅/မမန(နိုင်)၀၃၈၁၂၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကြေညာပါသည့် (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးမြတ်မိုး (အထက်တန်းရှေ့နေ၊ စဉ်-၃၇၈၆၃)

၉၂-Mလမ်း၊ ၄၁လမ်းနှင့် ၄၂လမ်းကြား၅ါ၊ မန္တလေးမြို့၊ ဖုန်း ➤ ၀၉-၄၄၄၀၃၉၃၆၇

အမျှားသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ဘူးကုန်းကျေးရွာ၊ ကွင်းအမှတ်(၄၉၄/ဘူးကုန်း)၊ ဦးပိုင်အမှတ်(၁၀၁/၁၁)၊ ဧရိယာ(၀ ဒသမ ၃၁)ဧက ဂရန်မြေကွက်အတွင်းမှ ဧရိယာ(ပေ ၂၀ × ပေ ၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးကျော်မင်းထက်(ဘ)ဦးခင်မောင်တင့်(၅/စကန(နိုင်)၁၄၄၀၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလိကိန်းရှောင်(ဘ)ဦးလိုလိမန်း(ခ)ကျော်မြင့်(၁၃/တမည(နိုင်)၀၀၅၄၈၈)က အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထိုက်ထိုက်ဝင်း(LL.B)၊ ဒေါ်မြင့်မြတ်သူ(LL.B)

ဒေါ်မိုးမိုးအောင်(LL.B)၊ ဒေါ်စာဓာဇီမိုး(LL.B)

(တရားလွှတ်တော်ရှေ့နေများ)

၃၂လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊

မန္တလေးမြို့။ ဖုန်း ➤ ၀၉-၂၅၉၀၃၃၄၂၊ ၀၉-၆၉၂၆၃၂၄၂

အမျှားသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဆည်တော်ကျေးရွာ၊ ကွင်းအမှတ်(၆၅၀-ဆည်တော်)၊ ဦးပိုင်အမှတ်(၈၅/၂)၊ ဧရိယာ(၄ ဒသမ ၀၆)ဧကရှိ ဦးကျော်ထွန်းဦး အမည်ပေါက်ရှိသော ယာမြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိကဝယ်ယူပိုင်ဆိုင်၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွယ်နွယ်ထွေး(အဘ) ဦးလောအိုက်(၁၃/နမတ(နိုင်)၀၃၅၂၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ဝတ္ထိထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးခိုင်

တရားလွှတ်တော်ရှေ့နေ

အမှတ်(ဆ-၇/ဂ၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၀လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမ ဝင်ရပ်ဆုံး)၊ ပြို့သစ်(၂)ရပ်ကွက်၊

ချမ်းမြသာစည်ပြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၃၁၁၀၇၆၀

အမျှားသိစေရန် ကြေညာခြင်း

